ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (16-8-2011) (၆၅၅၃)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ယနေ့မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ပြည်ပပို့ကုန်(၇)မျိုးကို ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြု

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၁)ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၁၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ အမိန့်ကြော်ငြာစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာ
အမှတ်၊ ၃၂/၂၀၁၁
နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် အောက်ဖော်ပြပါ ပြည်ပပို့ကုန်အမျိုးအစားများ၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ) အရ ကင်းလွတ်ခွင့်ပြုလိုက်သည်။

(က) ဆန်
(ခ) ပဲမျိုးစုံ
(ဂ) ပြောင်း
(ဃ) နှမ်း
(င) ရော်ဘာ
(စ) ရေချို၊ ရေငန်ထွက် ရေထွက်ပစ္စည်းများ
(ဆ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ (ကန့်သတ်ကုန်ပစ္စည်းများမှအပ)

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ (၆)လ အကျိုးသက်ရောက်စေရမည်။

အမိန့်အရ

(တင်မျိုးကြည်)
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာများကို အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေး လွတ်လပ်မှု၊ တာဝန်သိမှုနှင့် စည်းကမ်းရှိမှုများကို မှန်ကန်စွာ ကျင့်သုံးဖော်ဆောင်

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာသင်တန်း (၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုဝေးခန်းမ၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို မြန်မာနိုင်ငံ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ သင်တန်း(၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပိုမိုတိုးတက်မြင့်မားစွာဖြင့် ဖော်ထုတ်ယှဉ်ပြိုင်

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၅

၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ(၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းတက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**◆

ကြေးမုံ The Mirror
၁၆-၈-၂၀၁၁
(အင်္ဂါနေ့)

သီပွံနည်းကျ စိုက်နည်းစနစ် လက်ဆင့်ကမ်း

နိုင်ငံတစ်ဝန်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်နေ တောင်သူလယ်သမားများ၏ဆင်းရဲမှုကို လျှော့ချရာတွင် လယ်ယာစိုက်ပျိုးရေး ကဏ္ဍသည် အဓိကအရေးပါသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးနည်းပညာများဖြင့် ကူညီကြရပေမည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စိုက်ပျိုးရေး ထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်။ လယ်ယာလုပ်ငန်းခွင်တွင် အထွက်ကောင်း မျိုးကောင်း မျိုးသန့်များ၊ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်၊ စိုက်ပျိုးရေနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေး စသည့် သွင်းအားစုများ အချိန်ကိုက် အချိုးညီ အသုံးပြုစေခြင်းတို့ပါဝင်သည်။

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်သည် ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်း၊ ပျိုးခင်းကို စနစ်တကျပြုစုခြင်း၊ ပျိုးခင်းကို ချက်ချင်းနုတ် ချက်ချင်းစိုက်ခြင်း၊ လက်ဆမှန်စွာစိုက်ခြင်း၊ ပင်ပွားရရှိစေရန် ရေသွင်းစနစ်ကျင့်သုံးခြင်း၊ ကောက်ကွက်မှန်အောင် စိုက်ပျိုးခြင်း စသည်တို့ကြောင့် စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိနိုင်မည် ဖြစ်သည်။ အချို့ဒေသများတွင် အဆိုပါ စိုက်ပျိုးနည်းစနစ်ကို လက်တွေ့ကျင့်သုံး စိုက်ပျိုးနေကြပြီ ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ဧက သိန်း ၃၀ ကျော်ရှိသည့်အနက် ဧက ၃၀၀၀ ကျော်ကို ပေါင်စနစ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးနိုင်ခဲ့ပြီ။ ဧကသိန်း ၃၀ လုံး သိပ္ပံနည်းကျ စိုက်နည်းစနစ်ပြန့်ပွားနိုင်ရေး လက်ဆင့်ကမ်းပညာပေး စည်းရုံးကြရမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးသည် စပါးအများဆုံးစိုက်ပျိုးသော တိုင်းဒေသကြီး များတွင် အပါအဝင်ဖြစ်သည်။ မကြာသေးမီရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ ရေကြီးနစ်မြုပ်လယ်များ အချိန်မီ အစားထိုးစိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရပေမည်။ ရေလွှမ်းမိုးခြင်းမရှိသေးသော စိုက်ခင်းများမှ ရက် ၃၀ သက်တမ်းရှိ ကောက်ပင်များ၏ သားတက်များကို စနစ်တကျခွဲ၍ ချက်ချင်းစိုက်ခြင်း၊ ရေကြီးနစ်မြုပ်မှုမရှိသည့် ကြခင်းများမှ စပါးပျိုးပင်များကို ခြောက်လက်မခြား ချန်ပြီး ကျန်အပင်ငယ်များကို သားခွဲ စိုက်ပျိုးခြင်းတို့ ပြုလုပ်သင့်သည်။

ထို့အတူ ရက် ၉၀ ခန့် သက်တမ်းတို မျိုးများကို ရွေးချယ်ပြီး သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်၍ ၁၄ ရက်သားပျိုးပင်များဖြင့် အချိန်မီ စိုက်ပျိုးခြင်း နည်းလမ်းတို့ကို ကျင့်သုံးနိုင်ပေသည်။ တောင်သူတိုင်းက လက်တွေ့ အကျိုးရှိမည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာခြင်း၊ သက်ဆိုင်ရာဌာနများက လယ်ကွင်းထဲဆင်း၍ ထိထိရောက်ရောက် လက်တွေ့ပြသကူညီကြခြင်းတို့ဖြင့် လယ်ယာထွက်သီးနှံများ အထွက်နှုန်းတိုး ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာအုပ်စု၊ အလျှင်လို ကျေးရွာအုပ်စု၊ ရွှေကြာပင်ရပ်ကွက်၊ သပြေကုန်းရပ်ကွက်များ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ အုပ်စု၊ ချိုင်းကျေးရွာအုပ်စု၊ ရွာမကျေးရွာ အုပ်စု၊ ကြာပင်ကျေးရွာအုပ်စု၊ ဒိုးနွယ် ကျေးရွာအုပ်စု၊ ကျွန်းတက်ပဲ့ကျေးရွာအုပ်စု များသို့ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၂၀ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ ယနေ့အထိ ဇမ္ဗူသီရိ မြို့နယ်တွင် ၁၁၀၄ ဦးနှင့် ဒက္ခိဏသီရိ မြို့နယ်တွင် ၇၄၂ ဦးတို့အား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေး ဦးစီးဌာန(ဦးစီးမှူး)နှင့် သက်ဆိုင်ရာဝန်ထမ်း များက ကျေးရွာအုပ်စု၊ ရပ်ကွက်များမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက် ခဲ့ရာ ကျေးရွာအုပ်စု၊ ရပ်ကွက် ၁၀ ခု ပြီးစီးခဲ့ပြီး လူဦးရေ စုစုပေါင်း ၁၈၄၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ် ပေးခဲ့သည်။

(ဒု၁၅)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၉၅၀	၀. ၀၃၃၄၅
တရုတ် (ယွမ်)	၆. ၃၉၁၇၅	၀. ၁၅၆၄၅
အိန္ဒိယ (ရူပီး)	၄၅. ၃၄၅၀	၀. ၀၂၂၀၅
မလေးရှား (ရင်းဂစ်)	၂. ၉၈၃၅၀	၀. ၃၃၅၁၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၅၀၈	၀. ၈၂၉၈၂
ဂျပန် (ယန်း)	၇၆. ၆၆၃၅	၀. ၀၁၃၀၄
တောင်ကိုရီးယား(ဝမ်)	၁၀၇၉. ၀၀	၀. ၀၀၀၉၃
ယူရို	၀. ၆၉၇၄၄	၁. ၄၃၃၈၂
ဗြိတိသျှ (ပေါင်)	၀. ၆၁၂၁၅	၁. ၆၃၃၅၈

အင်တာနက်။

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ပထမအကြိမ် အစည်းအဝေး(၁/၂၀၁၁)ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်(Convention on the Rights of the Child-CRC) ပါ အဓိက အခွင့်အရေးလေးရပ်ဖြစ်သော အသက်ရှင်သန်ခွင့် (Survival)၊ ဖွံ့ဖြိုးတိုးတက်ခွင့် (Development)၊ အကာအကွယ်ရရှိခွင့် (Protection)နှင့် ပါဝင်ဆောင်ရွက်ခြင်း (Participation)များကို လူ့အဖွဲ့အစည်းတွင် ဦးဦးဖျားဖျား ရပိုင်ခွင့်သေချာစေရန်နှင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားဖော်ဆောင်ရန်အတွက် မူဝါဒများ၊ လုပ်ငန်းများချမှတ်၍ ဖော်ဆောင်လျက်ရှိကြောင်း၊ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီသည် မြန်မာနိုင်ငံကလေးသူငယ်များဆိုင်ရာ အမျိုးသား လုပ်ငန်းအစီအစဉ်(၂၀၀၆-၂၀၁၅)ပါ ကျန်းမာရေးနှင့် အာဟာရကဏ္ဍ၊ ရေကောင်း ရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ၊ ပညာရေးနှင့် ကလေးသူငယ် ဖွံ့ဖြိုးရေးကဏ္ဍ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကဏ္ဍဟူသည့် လုပ်ငန်း အစီအစဉ်များကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်မြို့နယ်အသီးသီး၌ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ် (၁၃/၂၀၁၁)ဖြင့် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ရာ လုပ်ငန်းများထိရောက်စွာ အကောင် အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်မြို့နယ် ကော်မတီအသီးသီးကို ဒေသအလိုက် လိုအပ်ချက်နှင့်အညီ ပြန်လည်ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ ပထမအကြိမ်အစည်းအဝေး (၁/၂၀၁၁)၌ အမှာစကားပြောကြား သည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသားကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးစိုးကြည်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီပြန်လည်ဖွဲ့စည်းမှု၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ အသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ မြန်မာနိုင်ငံကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ်(၂၀၀၆-၂၀၁၅) အကောင်အထည်ဖော်မှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသော တိုင်းဒေသကြီးနှင့် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူး များက ဆွေးနွေးတင်ပြကြပြီး ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr.Ramesh M. Shrestha က ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၏ လက်ရှိ ဆောင်ရွက်ချက်များကို တင်ပြသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် အမျိုးသား ကော်မတီဝင်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဘုန်းဆွေက နိဂုံးချုပ်အမှာစကားပြောကြား ခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ကန်တော်မွန် လုံးချင်းအိမ်ရာနေ ဒေါက်တာညိုဇံလှ၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဒေါက်တာ ဒေါ်ကင်းအိမ်နှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ခင်ခင်ယုတို့ လက်ခံစဉ်။ (ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆွေးနွေးဟောပြော

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၁) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူး မြင့်ကြည်နှင့်အဖွဲ့သည် ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ် အလက(၆)ခန်းမဆောင်၌ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ကျောင်းသူ ၂၅၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြော ပို့ချခဲ့သည်။ (ကြေးမုံ)

International Diploma in Business Administration သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၅

နိုင်ငံတကာအဆင့်မီ စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းကို Thames Management Centre (Yangon) တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာအဆင့်မီ စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု ပညာရပ်များကို ပြည်တွင်း၌ပင် စရိတ်သက်သာစွာဖြင့် သင်ကြားတတ်မြောက်စေရန်၊ နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာအောင်လက်မှတ် များကို ပြည်တွင်း၌ပင် ရရှိနိုင်စေရန်၊ နိုင်ငံတကာ တက္ကသိုလ်ကြီးများ၌ ဘွဲ့၊ မဟာဘွဲ့သင်တန်းများကို ဆက်လက် တက်ရောက်နိုင်စေရန်၊ စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု သဘောတရား ပညာရပ်များကို စနစ်တကျ နားလည် တတ်ကျွမ်းပြီး ပြည်တွင်း၊ ပြည်ပရှိ စီးပွားရေးအဖွဲ့အစည်းကြီးများတွင် တာဝန် ယူဆောင်ရွက်နိုင်သော အတတ်ပညာရှင် များစွာ ဖြစ်ထွန်းလာစေရန် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဘာသာရပ် ရှစ်ခု ပါရှိ ပြီး သင်တန်းကာလမှာ ရှစ်လမှ တစ်နှစ် ကြာမြင့်မည်ဖြစ်သည်။ ဒုတိယနှစ်တွင် လုပ်ငန်းခွင်ဒီပလိုမာသင်တန်းအား ဆက်လက် တက်ရောက်နိုင်ပြီး နောက်ဆုံးနှစ်အား စင်ကာပူနိုင်ငံရှိ Informatics Academy International ၌ University of Wales (UK) မှ Bachelor of Science(Hons) in Business Administration Program အား လည်းကောင်း၊ University of Portsmouth(UK) မှ Bachelor of Arts(Hons) in Business Administration Program အားလည်းကောင်း၊ University of Southern Queensland (Australia) မှBachelor of Business Administration Program နှင့် အခြား ချိတ်ဆက်ထားသော အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျနိုင်ငံများမှ တက္ကသိုလ်ကြီး များ၌ ဘွဲ့၊ မဟာဘွဲ့များ ဆက်လက် တက်ရောက်နိုင်မည်ဖြစ်သည်။အသေးစိတ် သိရှိလိုပါက Thames Management Centre, Yangon ဖုန်း-၀၁-၅၂၅၉၇၁၊ ၅၀၁၄၅၀၊ ၇၀၆၇၄၀ မြေနီကုန်းပလာဇာ ဒုတိယထပ်(ဒဂုံစင်တာ နှင့် ဂမုန်းပွင့်ကြား) ဗားဂရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ စုံစမ်းမေးမြန်းနိုင်သည်။

(ကြေးမုံ)

◆ (၁၈)ကြိမ်မြောက်မှ

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ ဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သဘင်၊ ဂီတပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယခုကျင်းပသည့်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် ကျင်းပပြုလုပ်သည့် ပြိုင်ပွဲဖြစ်၍ အသွင်သဏ္ဍာန်ရော၊ အနှစ်သာရပါ ပိုမိုတိုးတက်မြင့်မားစွာဖြင့် ဖော်ထုတ်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဖြစ်အောင် ကျင်းပပြုလုပ်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မိန့်ကြားထားပါကြောင်း။

ဤပြိုင်ပွဲကျင်းပရေးလုပ်ငန်းသည် နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့်လုပ်ငန်းဖြစ်၍ ကြိုတင်ပြင်ဆင်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးကြီးကြောင်း၊ ပြိုင်ပွဲတစ်ခုလုံးအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ဆပ်ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအား ဝိုင်းဝန်းပံ့ပိုးကြစေလိုကြောင်း။

ဆပ်ကော်မတီများသည် မိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်ကြရန်၊ ဤပြိုင်ပွဲသည် ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းဖြစ်သည့်အားလျော်စွာ အဘက်ဘက်မှ ဟာကွက်မရှိအောင် ဆပ်ကော်မတီအသီးသီးက ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းတာဝန်များကို ထိုးထွင်းကြံဆတီထွင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအပေါ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုမိုစိတ်ဝင်စားမှုရှိလာစေရန် ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ စသည့် မီဒီယာများမှ တစ်ဆင့် တေးသီချင်းများ၊ ဇာတ်လမ်းများ၊ ဆွေးနွေးခန်းများ၊ ဆောင်းပါးများအား ထုတ်လွှင့်ဖော်ပြခြင်း၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားများအား ချီးမြှောက်သည့်အနေဖြင့် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် နှစ်သိမ့်ဆု၊ အထူးဆု၊ ဂုဏ်ပြုဆု စသည့် ဆုများကို ယခင်ထက် ပိုမိုသတ်မှတ်ချီးမြှင့်ခြင်း၊ ပြည်နယ်များမှ တိုင်းရင်းသားလေ့လာသူများအား ယခင်နှစ်များနည်းတူ ခွင့်ပြုစီစဉ်ပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် ပို့ဆောင်ရေးကိစ္စရပ်များတွင် အဆင်ပြေဆုံး၊ အကောင်းမွန်ဆုံး ဖြစ်အောင် စနစ်တကျ စီမံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ထို့အပြင် ပြိုင်ပွဲဝင်များအတွက် သင်ကြားလေ့ကျင့်ရေးအဖွဲ့များ ဖွဲ့စည်းပြီး လိုအပ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စေလွှတ်ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ပြိုင်ပွဲအနှစ်သာရ ပိုမိုတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းပြီး ပြိုင်ပွဲဝင် ဘာသာရပ်များအလိုက် သရုပ်ပြ၊ ပညာပေးအစီအစဉ်များ ထုတ်လုပ်၍ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှ ထုတ်လွှင့်ဖော်ပြခြင်း၊ ယင်းအစီအစဉ်ပါ စီဒီ၊ ဗွီစီဒီများအား မူရင်းကျသင့်ဈေးနှုန်းဖြင့် ဖြန့်ချိပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကော်မတီ/ဆပ်ကော်မတီ (၁၆)ခု ဖွဲ့စည်းထားမှုအခြေအနေ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းထားမှုအခြေအနေ၊ (၁၈)ကြိမ်မြောက် ပြိုင်ပွဲကို ကျင်းပပြုလုပ်မည့် နေ့ရက်၊ အချိန် ၊ အခမ်းအနားများနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ၊ ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် ပြိုင်ပွဲအဆင့်များ၊ ဘာသာရပ်များနှင့်ဘဏ္ဍာငွေရရှိသုံးစွဲမှု အခြေအနေများကို ဗွီဒီယိုဆလိုက်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ကော်မတီ/ဆပ်ကော်မတီများဖြစ်ကြသည့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လွှင့်ဆော်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၊ ကြိုဆိုနှုတ်ဆက်ပွဲနှင့် ဖွင့်ပွဲကျင်းပရေး ဆပ်ကော်မတီ၊ တည်းခိုနေရာချထားရေး၊ တည်းခိုရေးစခန်းအုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ အကဲဖြတ်၊ အမှတ်ပေးကြီးကြပ်ရေးနှင့်မူဝါဒဆိုင်ရာစာသားစိစစ်ရေး ဆပ်ကော်မတီတို့မှ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာဆပ်ကော်မတီအလိုက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ပြဇာတ်ဘာသာရပ်အဖွဲ့၊ ကွက်စိပ်ဘာသာရပ်အဖွဲ့၊ ဇာတ်သဘင်ဘာသာရပ်အဖွဲ့၊ ရုပ်သေးဘာသာရပ်အဖွဲ့နှင့် ခေတ်အကြိုက်တေးသီချင်း ဘာသာရပ်ကဏ္ဍများအလိုက် အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များက ဘာသာရပ်အလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဤအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြသည့်အတိုင်း လုပ်ငန်းကော်မတီများက အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တက်ရောက်လာကြသော သဘင်၊ ဂီတအနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ဆန်စပါး ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်းနှင့် ပဲခူး ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့်အစားအစာများ လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်ခဲ့သော ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ဟိုတယ်ကုန်းကျေးရွာရှိ ပုဂ္ဂလိကပိုင် ပင်လယ်ကိုးသွယ်ကုမ္ပဏီ ဆန်စပါးစိုက်ပျိုးထုတ်လုပ် ကြိတ်ခွဲတင်ပို့ရေး လုပ်ငန်းစု၏ တန် ၁၀၀ ဆန်စက်မှ ဆန်စပါး ကြိတ်ခွဲထုတ်လုပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုနှင့် ပြည်ပသို့ တင်ပို့ဆောင်ရွက်နေမှု အခြေအနေများကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းတို့သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်ခဲ့သော ရေဘေးသင့်ပြည်သူများအတွက် အထူးပြုကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များမှ လှူဒါန်းသည့် လှူဒါန်းငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး အထူးပြုကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၊ ဆန်အိတ်ပေါင်း ၁၃၅၀၊ ကုလားပဲပိဿာ ၂၀၀၀၊ စားဆီ ၅၆၇၃ ပိဿာ၊ ကြက်သွန်ပိဿာ ၃၆၀၀၊ မျိုးစပါးတင်း ၅၀၀ တို့ကို အထူးပြုကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများကိုယ်စား အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

MMITEE သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) နှင့် The Association for Overseas Technical Scholarship (AOTS) တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် The Training Program on Instructors for ITEE in Myanmar (MMITEE) သင်တန်းကို သင်တန်းသား ၃၀ လက်ခံ၍ လှိုင်မြို့နယ် Myanmar Info-Tech ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center ၌ စက်တင်ဘာ ၂၆ ရက်မှစ၍ ရက်သတ္တနှစ်ပတ်ကြာ အခမဲ့ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ စိတ်ပါဝင်စားသည့် အသက်(၂၃)နှင့် (၅၀)နှစ်အတွင်းရှိ IT ပညာရပ်တွင် အတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိသူ၊ သင်တန်းပို့ချနေသူ (သို့မဟုတ်) Programming Language အတွေ့အကြုံရှိသူ မည်သူမဆို ဩဂုတ် ၂၆ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၆၅၂၃၀၇ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းစီစဉ်မှု၊ RicH Coffee Mix (Ever Sunny Industrial Co., Ltd.) ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဩဂုတ် ၂၀ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာခင်မောင်လွင် (FAME Pharmaceutical) က သည်းခြေကျောက်တည်ရောဂါ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

မြေကြီး၊ မြေပုံ မှန်ကန်ရေးနှင့် စပါးစိုက်ကေ မြေပြင်စာရင်း အမှန်ကောက်ယူရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးစောလှိုင်၊ ညွှန်ကြားရေးမှူး ဦးသန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းတို့သည် ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း တက်ရောက်လျက်ရှိသည့် သင်တန်းသား ဒုတိယဦးစီးမှူး ၈၀ နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၉၈၁)၊ (၉၈၄)၊ (၉၈၅-A) နှင့် (၉၈၈-က) တို့တွင် မြေကြီး၊ မြေပုံမှန်ကန်ရေးနှင့် ယခုနှစ် မိုးစပါးစိုက် တောင်သူဦးရေစာရင်း၊ မိုးစပါးအမှန်စိုက်ကေနှင့် အထွက်နှုန်းများ မြေပြင်စာရင်းအမှန်ကောက်ယူရေးလုပ်ငန်းကို လက်တွေ့ကွင်းဆင်းစစ်ဆေး ကောက်ယူကြသည်။

ထို့နောက် သာယာကုန်းကျေးရွာမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ရေးအတွက် စပါးသီးနှံစိုက်ပျိုးရာတွင် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ သုံးစွဲရေး ပညာပေးဆွေးနွေးမှာကြားကြောင်း သိရသည်။

(ကြေးမုံ)

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ပြည်နယ်စိုက်ပျိုးရေးရုံးအနီး ရေပြွန်တံတားတည်ဆောက်နေမှုကို ဩဂုတ် ၃ ရက်က အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် လက်ထောက်အင်ဂျင်နီယာဦးလိန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

❐ ဖာဘရီဂက်စ်မှ

ကင်းမဲ့နေခဲ့ခြင်းက ၎င်းအား ဇာတိမြေစပိန်လာလီဂါမှ ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် တွန်းအားတစ်ရပ်ဖြစ်ခဲ့သည်။ ဖာဘရီဂက်စ်အနေဖြင့်လည်း မိမိ၏အသင်းဟောင်း ဘာစီလိုနာသို့ ပြန်လည်ပြောင်းရွှေ့လိုကြောင်း မကွယ်မဝှက်ထုတ်ဖော်ပြောခဲ့သည်။

အာဆင်နယ်အသင်း မန်နေဂျာ အာဆင်ဝင်းဂါးက ဖာဘရီဂက်စ်သည် မိမိတို့အသင်းနှင့်အတူ လန်ဒန်မှာပင် ဆက်လက်ရှိနေမှာဖြစ်ကြောင်း ပြီးခဲ့သည့် နွေရာသီကာလအတွင်း ပြောကြားနေခဲ့လင့်ကစား ပြီးခဲ့သည့် တနင်္ဂနွေနေ့တွင်မူ အာဆင်နယ်နှင့် ဘာစီလိုနာတို့အကြား ဖာဘရီဂက်စ် အရောင်းအဝယ်ကိစ္စမှာ အတည်ပြု ပြီးမြောက်သွားခဲ့ပြီဖြစ်သည်။

မိမိတို့အနေဖြင့် ၎င်း၏ဇာတိမြေမှ ကလပ်အသင်းဆီသို့ ပြန်လည်သွားရောက်လိုသည့် ဖာဘရီဂက်စ်၏ ဆန္ဒကို နားလည်ပေးနိုင်ပါကြောင်း၊ ဘာစီလိုနာ၏ ကမ်းလှမ်းမှုကို လက်ခံလိုက်ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖာဘရီဂက်စ်ကို လက်မလွှတ်လိုသည်မှာ ရှင်းပါကြောင်း၊ အာဆင်နယ်၌ရှိနေစဉ် ၎င်း၏စွမ်းဆောင်ပေးခဲ့မှုများအတွက် ကျေးဇူးတင်ပါကြောင်းနှင့် ၎င်း၏အနာဂတ် အောင်မြင်ပါစေကြောင်း စသည်ဖြင့် အာဆင်ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဘာစီလိုနာသည် ဖာဘရီဂက်စ်ကို ရရှိရေးအတွက် ပြီးခဲ့သည့် နွေရာသီကတည်းက ကြိုးပမ်းနေခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ အရောင်းအဝယ်ကိစ္စပြီးမြောက်သွားခြင်းအားဖြင့် အာဆင်နယ်သည် ဘာစီလိုနာထံမှ ပြောင်းရွှေ့ကြေးအဖြစ် ယူရို သန်း ၃၀ ကို လက်ခံရရှိမည်ဖြစ်သည်။

အင်တာနက်။

❍ ဆရီနာဝီလျံမှ

သတ်မှတ်ချက်အရ အဆင့် ၈၀ တွင် ရပ်တည်နေခဲ့ရသည်။

သို့သော် ယခုပွဲတွင် ပွဲကစားချိန် ၇၇ မိနစ်ဖြင့် အနိုင်ယူနိုင်ခဲ့၍ အဆင့် ၁၁ သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ယခုပွဲတွင် ဝီလျံသည် စပေးဘောကိုးလုံးတိတိကို တိကျသေသပ်စွာ ရိုက်နိုင်ခဲ့ပြီး သူမ၏ စပေးဘောများမှာ ၈၉ ရာခိုင်နှုန်း သေချာခဲ့သောကြောင့် သူမ၏ ၃၉ ခုမြောက် ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဝီလျံသည် ၂၀၁၀ ခုနှစ် ဝင်ဘယ်ဒန်ဖလား ဆွတ်ခူးရရှိပြီးနောက် သူမ၏ ခြေထောက်တွင် ပုလင်းကွဲရှဒဏ်ရာရရှိခဲ့ကာ ခွဲစိတ်မှုနှစ်ကြိမ် ပြုလုပ်ခဲ့ရသေးသည်။

အင်တာနက်။

ဖြေလျှော့ဆောင်ရွက်ပေးမှုများသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ် အတိုင်းအတာတစ်ခုအထိ အောင်မြင်ပြီဖြစ်သော်လည်း ဆက်လက်ဆောင်ရွက်

ရှင်းလင်းပြောကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာ၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော်   ဩဂုတ်   ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာရှိ ရှင်ဓာတ်ဝဲကျောင်းသစ်ဓမ္မာရုံ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်နှင့်အညီ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် မိမိတို့ဌာနမှ ဖြေလျှော့ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စနစ်တကျဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံတော်အစိုးရသစ်၏ မူဝါဒများနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်နှင့်အညီ လွယ်ကူလျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် စီမံချက်ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများသည် ရေရှည်အစဉ်အဆက် ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျဆောင်ရွက်ကြရန်၊ ပြည်သူ့ဆန္ဒကို အလေးထား ဖြည့်ဆည်းပေးနိုင်ရေးအတွက် အမြဲအသင့်ရှိနေကြရန်၊ လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစွမ်းရည်ပြည့်ဝပြီး မျိုးချစ်စိတ်ဓာတ်အရင်းခံ၍ ယုံကြည်ချက်၊ ခံယူချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရန်၊ မိမိတို့ဌာနမှ ဆောင်ရွက်နေသည့် စီမံချက်သည် အတိုင်းအတာတစ်ခုအထိ အောင်မြင်နေပြီဖြစ်သော်လည်း ဆက်လက်တိုးတက်အောင်မြင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန်၊ အခြားဆက်စပ်ဌာနများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်တို့ကို ရှင်းလင်းမှာကြားခဲ့သည်။

(သတင်းစဉ်)

မလှိုင်အထက ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်   ဩဂုတ်   ၁၅

မလှိုင်အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီတွင် မလှိုင်အထက ရေဝတီခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၁၀ ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ကျန်ရှိနေသော ဆရာကြီး၊ ဆရာမကြီးများ ကော်မတီနှင့် ဆက်သွယ်သတင်းပေးပို့နိုင်ပြီး အလှူငွေများကို ဒေါ်ခင်ငွေဦးဖုန်း-၀၁-၅၄၅၆၇၂၊ ဒေါ်ခင်မေနွဲ့ ဖုန်း-၀၁-၅၂၆၇၃၅၊ ဦးကျော်ဦး(ရန်ကုန်) ဖုန်း-၀၉-၅၀၉၉၃၃၀၊ ဦးစိုးလှိုင်(ရန်ကုန်)၊ ကိုဇော်လင်းဦး(ရန်ကုန်) ဖုန်း-၀၉-၄၉၇၇၇၃၁၄၊ ဒေါ်တင်ထွေး ဖုန်း- ၀၂-၃၂၆၅၇ နှင့် ကိုစိုးမြင့်ဟန်(မန္တလေး) ဖုန်း-၀၉-၅၁၃၆၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

နိုင်ငံတကာသတင်းများ   နိုင်ငံတကာသတင်းများ   နိုင်ငံတကာသတင်းများ

(၆၄)နှစ်မြောက် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့ ကျင်းပ

နယူးဒေလီ   ဩဂုတ်   ၁၅

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ ဩဂုတ် ၁၅ ရက်က ကျင်းပသည်။

အိန္ဒိယနိုင်ငံသည် ၁၉၄၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၏ ကိုလိုနီအုပ်ချုပ်မှုအောက်မှ လွတ်မြောက်ခဲ့သည်။ ထိုစဉ်က အိန္ဒိယတိုက်ငယ်ကို အိန္ဒိယနှင့် ပါကစ္စတန်ဟူ၍ နှစ်ပိုင်းခွဲခြားခဲ့သည်။ ပါကစ္စတန်နိုင်ငံသည် လွတ်လပ်ရေးနေ့ကို ဩဂုတ် ၁၄ ရက်တွင် ကျင်းပခဲ့သည်။

အိန္ဒိယနိုင်ငံသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နယ်ပယ်ရပ် အများအပြား၌ အောင်မြင်မှုများ ရရှိခဲ့ကြောင်း ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက မြို့တော်နယူးဒေလီရှိ သမိုင်းဝင်အဆောက်အအုံဖြစ်သော ခံတပ်နီ၌ကျင်းပသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော်လည်း မိမိတို့ များစွာကြိုးပမ်းဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း၊ ဆင်းရဲမွဲတေမှုနှင့် စာမတတ်သူပပျောက်ရေး၊ အိန္ဒိယနိုင်ငံသားများအားလုံး ကျန်းမာရေးစောင့်ရှောက်မှုရယူခံစားနိုင်ရေး၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် အစိုးရက ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆင်းက ပြောကြားသည်။

အဂတိလိုက်စားမှုပြဿနာသည် နိုင်ငံဖွံ့ဖြိုးရေး၌ အဓိကအတားအဆီးတစ်ရပ်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုပပျောက်ရေးအတွက် စုပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး အဂတိလိုက်စားသူများကို ချက်ချင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ယူပီအိုင်။**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မြို့ကြီးများတွင် အကြမ်းဖက်တိုက်ခိုက် အနည်းဆုံး ၆၀ သေဆုံး

ဘဂ္ဂဒက်   ဩဂုတ်   ၁၅

အီရတ်နိုင်ငံမြို့ကြီးများတွင် တနင်္လာနေ့၌ ကားဗုံးခွဲတိုက်ခိုက်ခြင်း၊ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းများကြောင့် အနည်းဆုံးလူ ၆၀ သေဆုံးခဲ့ကြောင်း၊ အစိုးရအဖွဲ့အား မတည်မငြိမ်ဖြစ်စေရန် အယ်လ်ခိုင်ဒါ၏ အဆက်အနွယ်များက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်၏ အရှေ့တောင်ဘက် ၉၅ မိုင်အကွာရှိ ရှီးယိုက်တို့အများစုနေထိုင်ရာ ကွတ်မြို့တွင် ရဲတပ်ဖွဲ့အား ပစ်မှတ်ထားကာ လမ်းဘေးဗုံးခွဲတိုက်ခိုက်ပြီး တစ်ဆက်တည်း ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၃၇ ဦး သေဆုံးခဲ့သည့်အပြင် ၆၈ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဘဂ္ဂဒက်လုံခြုံရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ အကွာ ဒီယားလာပြည်နယ် ဇန်ဘာနီဆတ်မြို့တွင် စည်ပင်သာယာအဆောက်အအုံတစ်ခုကို ကားဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံး ရှစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး အဆင့်မြင့်အရာရှိတစ်ဦးကို လုပ်ကြံရန်ရည်ရွယ်၍ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း၊ တိုက်ခိုက်သူ အခြားတစ်ဦးကို ပစ်သတ်နိုင်ခဲ့ကြောင်း တီကရစ်အကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့က ပြောကြားသည်။

တောင်ပိုင်း ရှီးယိုက်တို့၏ ဘာသာရေးမြို့ နာဂျဖ်မြို့တွင် ကားဗုံးနှစ်လုံး ပေါက်ကွဲရာ အနည်းဆုံး ခြောက်ဦးသေဆုံး၍ ၇၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ဘဂ္ဂဒက်မြို့၏ အနောက်တောင်ဘက် မိုင် ၅၀ အကွာ ကာဘာလာရဲခစန်းအနီးတွင် ကားဗုံးတစ်လုံးပေါက်ကွဲရာ အနည်းဆုံး လေးဦးသေဆုံး၍ ၄၁ ဦး ဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

အရှေ့မြောက်ပိုင်းမြို့တော် ကာကွတ်မြို့လယ်တွင်လည်း ကားဗုံးနှင့် ဆိုင်ကယ်ဗုံးများ တစ်ပြိုင်တည်းပေါက်ကွဲရာ တစ်ဦးသေဆုံး၍ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောသည်။

ဒီယားလာပြည်နယ် အယ်လ်ဝါဂျီဟီယာမြို့၌ အစိုးရအဖွဲ့အဆောက်အအုံအနီး ရပ်ထားသည့် ကားဗုံးတစ်လုံး ပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၍ ၁၃ ဦး ဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ **ရိုက်တာ။**



နယူးဇီလန်နိုင်ငံ မြို့တော်ဝယ်လင်တန်၌ ၃၅ နှစ်အတွင်း ပထမဆုံးဆီးနှင်းပွင့်များ ကျဆင်း

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့၌ ဆီးနှင်းများ သိပ်သည်းစွာကျရောက်နေသော လမ်းတစ်လမ်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဝယ်လင်တန်   ဩဂုတ်   ၁၅

နယူးဇီလန်နိုင်ငံ မြို့တော်ဝယ်လင်တန်၌ (၃၅)နှစ်အတွင်း ပထမဆုံးအကြိမ် ဆီးနှင်းပွင့်များကျဆင်းခဲ့ကြောင်း၊ ဆီးနှင်းပွင့်များ ကျဆင်းသည့်ဖြစ်ရပ်ကို တစ်သက်တာတွင် တစ်ကြိမ်သာ တွေ့ကြုံနိုင်သည့် သဘာဝဖြစ်စဉ်ဖြစ်ကြောင်း မိုးလေဝသခန့်မှန်းရေးမှူးများက ဩဂုတ် ၁၅ ရက်တွင် ပြောကြားသည်။

နယူးဇီလန်နိုင်ငံတစ်ဝန်း၌ နှင်းမိုးရွာသွန်းမှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ရာသီဥတုအခြေအနေအရ လေကြောင်းခရီးစဉ်အချို့ကို ဖျက်သိမ်းခဲ့ရသည်။

နယူးဇီလန်နိုင်ငံရှိ လမ်းအများအပြားကိုပိတ်ထားခဲ့ရပြီး စာကြည့်တိုက်များ၊ ရေကူးကန်များနှင့် အပန်းဖြေစခန်းများကိုလည်း ပိတ်ထားခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

ဝယ်လင်တန်၌ ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် လက်မအနည်းငယ်အမြင့်အထိ ဆီးနှင်းများ ကြုံတောင့်ကြုံခဲ ကျဆင်းခဲ့သည်။ ဆီးနှင်းပွင့်များကျဆင်းမှုမှာ ရှားရှားပါးပါးဖြစ်ရပ်ဖြစ်သဖြင့် ပြည်သူများသည် ကင်မရာများကိုင်ဆောင်ကာ လမ်းများပေါ်သို့ ထွက်လာခဲ့ကြပြီး အားရပျော်ရွှင်စွာ ရှိနေခဲ့ကြသည်။

ဩဂုတ် ၁၇ ရက်အထိ အအေးလှိုင်းဖြစ်သန်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ။**

နေပြည်တော် အထူးအထွက်တိုး စံပြစိုက်ခင်းလယ်ယာခွင်မှသည် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်ဆီသို့ အပိုင်း(၃)

သတင်းဆောင်းပါး
မောင်မောင်ထွေး (သတင်းစဉ်)
ဓာတ်ပုံ - ဇော်မင်းလတ် (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုးစံပြစိုက်ခင်းမှ အောင်မြင်ဖြစ်ထွန်းသော အထူးအထွက်တိုး စပါးခင်းကြီးများကိုကြည့်ရင်း ကျွန်တော်၏ စိတ်သည် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်၌လည်း အထူးအထွက်တိုး စံပြပေါင်းစည်းလယ်ယာများ၊ ခေတ်မီလယ်ယာများဖြင့် ယခုကဲ့သို့ အနှံပြည့်ဝစွာ စိမ်းမြရွှန်းမှည့်ဝင်းလဲ့နေမည့် စပါးခင်းကြီးများကို တွေးတောမြင်ယောင်မိပါသည်။

ထို့ကြောင့် ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄)ချက် စကားဝိုင်းကို အားတက်သရော ပြန်လည်စတင်မိပါသည်။

မေး။ သိပ္ပံနည်းကျ စိုက်နည်းစနစ်(၁၄) ချက်နဲ့ပတ်သက်ပြီး ဆက်ပါဦးခင်ဗျာ။

ဖြေ။ နံပါတ်(၁၀)က စိုက်ခင်းအတွင်း ရေအာဟာရဓာတ် မပြတ်ပေးရပါမယ်။ စိုက်ခင်းအတွင်းမှာ အစိုဓာတ်အမြဲရှိနေစေဖို့ အရေးကြီးပါတယ်။ စပါးပင် ကောက်စိုက်ပြီးတာနဲ့ ရေစပ်စပ်သွင်းပေးပြီး နောက်ရက်တွေမှာ စိုက်ခင်းထဲရေရှိနေရမှာဖြစ်ပါတယ်။ မှို့ကပ်ချိန်ကနေ ပန်းပွင့်ချိန်ထိ ရေလေးလက်မထိထားပြီး ပေါင်းပင်နဲ့ မလိုလားအပ်တဲ့ ပင်ပွားတွေ ထွက်ရှိမှုကို ကာကွယ်စေပါတယ်။ စိုက်ခင်းထဲမှာရှိတဲ့ ရေခန်းခြောက်တဲ့အဆင့်ထိ မရောက်ခင်မှာ ရေကို ပြန်သွင်းပေးရမှာဖြစ်ပါတယ်။ စိုက်ခင်းထဲမှာ ရေမခန်းခြောက်စေရေး၊ အစိုဓာတ်မပြတ်ရေးဟာလည်း အရေးကြီးလှပါတယ်။ စိုက်ခင်းအစိုဓာတ်မြဲစေဖို့ စိုက်ခင်းရဲ့ မြေမျက်နှာပြင်တွေဟာ ညီညာဖို့လိုအပ်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ စိုက်ခင်းမျက်နှာပြင်တွေ ညီညာအောင် လုပ်ဖို့လိုအပ်ပါတယ်။ ဒါ့အပြင် သွင်းထားတဲ့ ရေမစိမ့်ထွက်စေရေးအတွက် လယ်ကန်သင်းတွေကို လုံအောင်လုပ်ဖို့လိုတယ်။ ဒါမှသာ စိုက်ခင်းရဲ့ အစိုဓာတ်မြဲပြီး ကျွေးလိုက်တဲ့ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ အလေအလွင့်မဖြစ်ဘဲ စပါးပင်တွေ မျှမျှတတ စားသုံးနိုင်တဲ့အတွက်ကြောင့် အောင်နှံ့အောင်စေ့တွေ များလာပြီး အထွက်နှုန်း တိုးတက်စေမှာဖြစ်ပါတယ်။

နံပါတ်(၁၁)က သွင်းအားစုကို အချိုးကျသုံးရပါမယ်။ တစ်ဧကစပါးတင်း ၁၀၀ အထက် ထွက်စေဖို့ ကွန်ပေါင်းဓာတ်မြေဩဇာတစ်အိတ်၊ ယူရီးယားအိတ်ဝက်တို့ကို သဘာဝမြေဩဇာနဲ့ ရောစပ်အသုံးပြုရမှာဖြစ်ပါတယ်။ စိုက်ခင်းမြေခံကို ကွန်ပေါင်းတစ်အိတ် နောက်ဆုံးမြေပြင်ချိန်မှာ ထည့်ပေးရမှာဖြစ်ပါတယ်။ ပုလဲဓာတ်မြေဩဇာ အိတ်တစ်ဝက်လိုပြီး ပင်ပွားစည်းချိန်မှာ လေးပုံတစ်ပုံအိတ်နဲ့ နွားချေးမှုန့်သုံးအိတ်နဲ့ တစ်ညနှပ်ပြီး ညီညီညာညာ ကြဲပက်ပေးဖို့ လိုအပ်တယ်။ ကျန်တဲ့ လေးပုံတစ်ပုံကိုတော့ စပါးဖုံးတုန်းလုံးတုန်းအချိန်(ပန်းပွင့်ခါနီး)မှာ အလားတူ နွားချေးမှုန့်သုံးအိတ်နဲ့ ရောစပ်၍ တစ်ညနှပ်ပြီး ညီညီမျှမျှကြဲပက်ပေးရမှာ ဖြစ်ပါတယ်။

နံပါတ်(၁၂)က ပေါင်းမြက်ကို ရေနဲ့ ကာကွယ်ရပါမယ်။ ပေါင်းမြက်ဟာ စပါးစိုက်ခင်းရဲ့ အဓိကရန်သူ ဖြစ်ပါတယ်။ ပေါင်းပင်တွေကို မနှိမ်နင်းနိုင်ပါက ရေနဲ့ အာဟာရဓာတ်တွေကို ပေါင်းပင်က လုယူစားသုံးသွားမှာဖြစ်ပါတယ်။ စပါးရိတ်သိမ်းချိန်မှာလည်း ပေါင်းစေ့တွေဟာ စပါးနဲ့ ရောပါသွားပြီး စပါးကြိတ်ခွဲရာတွင် ဆန်အရည်အသွေးကို ဆိုးရွားစွာ နိမ့်ကျစေပြီး ဈေးအနှိမ်ခံရမှာဖြစ်ပါတယ်။ စပါးခင်းကို မြေပြင်ချိန်မှာ ပေါင်းမြက်တွေ ပြောင်စင်အောင် ကောက်ယူရေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စိုက်ပြီးနောက် ပေါင်းထပ်မထွက်လာအောင် ရေလွှမ်းထားပြီး ထပ်ထွက်လာတဲ့ ပေါင်းတွေကို သတ်ပေးရမှာဖြစ်ပါတယ်။ ထို့အတူ လုံလောက်သည့် ပင်ပွား ၁၀ ပင်မှ ၁၂ ပင်ထိရရှိပြီးချိန်မှာ အပိုပင်ပွားများ ထပ်မံမထွက်နိုင်အောင် ရေလွှမ်းသတ်သည့်စနစ်နဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

နံပါတ်(၁၃)က ရင့်မှည့်ချိန် လူ၊ စက်ဝင်နိုင်အောင် ရေထုတ်ရပါမယ်။ စပါးနှံတွေ ရင့်မှည့်စပြုချိန်မှာ အောင်ရေထုတ်ပေးဖို့ လိုအပ်ပါတယ်။ အောင်ရေကို ထုတ်ခြင်းကြောင့် စပါးနှံတွေ အမှည့်ညီညာစေပြီး အောက်ခံမြေမာလာတဲ့အတွက် လူနဲ့ ကောက်ရိတ်စက်ကိရိယာများ အလွယ်တကူ ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အောင်ရေထုတ်ပေးခြင်းဟာလည်း အရေးကြီးလှပါတယ်။

နံပါတ်(၁၄)က ရင့်မှည့်ချိန်အလေအလွင့်မရှိစေရေး သတိပြုရပါမယ်။ စပါးပင်တွေ မောင်းညှိုချိန်မှာ ရိတ်သိမ်းနိုင်အောင် စီစဉ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ မောင်းညှိုချိန်ဆိုသည်မှာ မိမိစပါးစိုက်ခင်းရဲ့ ၈၀ ရာခိုင်နှုန်းသော စပါးနှံတွေ အဝါရောင်သန်းချိန်ဖြစ်ပါတယ်။ စပါးတွေကို ချက်ချင်းရိတ်၊ ချက်ချင်းစက်ဖြင့် ခြွေလှေ့ရပါမယ်။ ရိတ်သိမ်းရာတွင် အလေအလွင့်နည်းအောင် ရိတ်သိမ်းခြွေလှေ့ သယ်ဆောင်ဖို့လိုအပ်ပါတယ်။ မောင်းညှိုချိန်ထက် ကျော်လွန်သွားပါက စပါးနှံ၏ ထိပ်ဖျားပိုင်းရှိ စပါးစေ့များ ကြွေကျပြီး ဆုံးရှုံးမှုများ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ ဒါကြောင့် ရိတ်သိမ်းချိန် အလေအလွင့်လျော့နည်းစေရန် မိမိစပါးခင်း၏ စိုက်ချိန်၊ ရိတ်သိမ်းချိန်ကို တွက်ချက်ပြီး အချိန်မီ လူအင်အား၊ စက်ယန္တရားရရှိအောင် စီစဉ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ မိုးရာသီမှာ ရိတ်သိမ်းရပါက အမြန်အခြောက်ခံနိုင်သော ဈေးသက်သာတဲ့ အခြောက်ခံနည်းစနစ်တွေ ကြိုတင်စီစဉ်ဆောင်ရွက်ထားကြဖို့ လိုပါတယ်။

စိုက်ခင်းတွင် ရေအာဟာရဓာတ် မပြတ်ပေးဆောင်ရွက်ထားစဉ်။

မေး။ ဒီလိုသိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် ရရှိလာမယ့် အကျိုးကျေးဇူးများကိုလည်း သိပါရစေ။

ဖြေ။ မျိုးစေ့အကုန်အကျနည်းမယ်။ ပင်ပွားများပြီး ကြီးထွားမှုအားကောင်းတဲ့ ပျိုးပင်တွေရရှိမယ်။ ညီညာတဲ့အနှံပါ ပင်ပွားတွေရရှိမယ်။ တစ်နှံပါ အောင်စေ့များပြီး အလေအလွင့်နည်းတာကြောင့် တစ်ဧက မျှော်မှန်းအထွက်နှုန်းကို ရရှိမှာဖြစ်ပါတယ်။

မေး။ ဒီလိုနည်းစနစ်တွေနဲ့ စိုက်ပျိုးခြင်းအားဖြင့် တောင်သူလယ်သမားတွေ ဘယ်လိုအခွင့်အလမ်းတွေကို ရရှိနိုင်မလဲ။

ဖြေ။ ယခင်ဆိုရင် တောင်သူတွေ အနေနဲ့ တစ်ဧကမျိုးနှုန်းမှာ နှစ်တင်းအထိ အသုံးပြုခဲ့ရပါတယ်။ ဒီလို သိပ္ပံနည်းကျ ပေါင်စနစ်နဲ့ ပျိုးထောင်စိုက်ပျိုးတဲ့အခါ မျိုးစေ့နို့ဆီတစ်ဘူးမှာ အစေ့ ၇၀၀၀ ခန့် ပါဝင်တဲ့အတွက် မျိုးညှောက်ဖောက်ပြီး မျိုးစေ့ ခြောက်ပြည်သာ အသုံးပြုဖို့ လိုအပ်ပါတယ်။ ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်း မြင့်မားတဲ့အတွက် တောင်သူများ ဝင်ငွေတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမှာ ဖြစ်ပါတယ်။ သိပ္ပံနည်းကျ ပေါင်စနစ်နဲ့ ပျိုးထောင်စိုက်ပျိုးတဲ့အခါ ကျေးလက်နေတောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမှာဖြစ်ပါတယ်။

ရင့်မှည့်ချိန် အလေအလွင့်မရှိစေရေး သတိပြု၍ လယ်ယာသုံးယန္တရားများဖြင့် ရိတ်သိမ်းဆောင်ရွက်စဉ်။

သွင်းအားစု အချိုးကျ ဆောင်ရွက်နေစဉ်။

မေး။ သိပ္ပံနည်းကျ စိုက်နည်းစနစ်တွေကို တောင်သူလယ်သမားတွေ လက်တွေ့အသုံးချ စိုက်ပျိုးနိုင်ဖို့အတွက် ဘယ်လိုဖြန့်ဖြူးပေးသွားမလဲ။

ဖြေ။ စိုက်ပျိုးရေး တက္ကသိုလ်မှာ အထွက်တိုး စပ်မျိုးစပါးထုတ်လုပ်နည်းပညာများ စာတွေ့လက်တွေ့ သင်ကြားပေးခြင်းများအပြင် လက်တွေ့အောင်မြင်ဖြစ်ထွန်းနေသော စိုက်ခင်းများကိုလည်း လက်တွေ့လေ့လာ ကြည့်ရှုစေခြင်းဖြင့် အသိပညာပိုမိုရရှိစေကာ တောင်သူများအား နည်းပညာများ ဖြန့်ဖြူးစေခြင်း၊ ဒါ့အပြင် စိုက်ပျိုးရေးဝန်ထမ်းများကလည်း တောင်သူများနဲ့ လက်တွဲပြီး နည်းပညာတွေကို လက်တွေ့ဆောင်ရွက်ဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ ဒေသရာသီဥတုနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်း၍ ဈေးကွက်လည်းရှိပြီး စားသုံးမှုကောင်းသည့် အထူးအထွက်တိုး စပ်မျိုးများကို ပြည်ပကျွမ်းကျင်ပညာရှင်များနဲ့ လေ့ကျင့်ထားသည့် ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်လျက်ရှိပါတယ်။ ၎င်းမျိုးစေ့များကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပြီး နေပြည်တော်ကောင်စီနယ်မြေရှိ စံပြလယ်ယာမြေတွေမှာ စိုက်ပျိုးလျက်ရှိပါတယ်။

ရင့်မှည့်ချိန် လူ၊ စက်ဝင်နိုင်အောင် အောင်ရေထုတ် ဆောင်ရွက်ရမည်။

မျိုးထုတ်လုပ်မှုကို တိုးချဲ့ပြီး အထွက်နှုန်းကောင်းတဲ့ မျိုးများ ပြန့်ပွားစေရန် မျိုးစေ့ထုတ်ကုမ္ပဏီများ တည်ထောင်ခြင်း၊ အထွက်ကောင်းသည့် မျိုးသန့်စပ်မျိုးများကို စိုက်ပျိုးခြင်းဖြင့် တင်ပို့လိုသည့် အရေအတွက် ထုတ်လုပ်နိုင်မှာဖြစ်တဲ့အပြင် ဈေးကွက်ကို ချဲ့ထွင်နိုင်မှာဖြစ်ပါတယ်။

စကားဝိုင်းပြီး၍ အထူးအထွက်တိုး စံပြစိုက်ခင်းမှအပြန်တွင် အနာဂတ် ပြည်မြန်မာ၏ လယ်ယာတစ်ခွင်လုံး၌ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်(၁၄) ချက်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ဧက ပန်းတိုင်အထွက်နှုန်း ပျမ်းမျှတင်း ၁၀၀ အထက် ထွက်ရှိလာမည့် အရေးကို မြော်တွေးမိပါသည်။

အချုပ်အားဖြင့်ဆိုသော် “ မြေရှိလျှင် အလုပ်ရှိရမည်၊ ရေရှိလျှင် အလုပ်ရှိရမည်” ဟူ၍ ခံယူပြီး လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက် အသုံးချကာ မြေတစ်လက်မမထား၊ လူတစ်ရက်မျှ မနားဘဲ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင်ဖြင့် တစ်ချိန်က ပြည်ပနိုင်ငံများကို ဆန်စပါး အများဆုံး တင်ပို့ရောင်းချခဲ့ဖူးသော ရွှေရောင်တောက်ပသည့် ရွှေမြန်မာတွေ၏ ခေတ်ကို တစ်ကျော့ပြန်လည် တက်လှမ်းနိုင်တော့မှာ မလွဲဧကန်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဉပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင် (ပထမတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး)
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၃၀ ၄။ “နှောင်းနောင်တ”
- ၄း၄၀ ၅။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၄း၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
- ၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၂၀ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင် (ဒုတိယတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး)
- ၅း၄၀ ၁၀။ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ (အပိုင်း-၂)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၁၄။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာနှလုံးသား”(အပိုင်း-၁၈)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ရယ်စရာဟာသများ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ” (အပိုင်း-၂)**
- ၂၁။ အစီအစဉ်ပြီး၏။

ပဲခူးတိုင်းဒေသကြီး မိုးစပါးဧက သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီး မိုးစပါးဧက ၁၂သိန်း ရေဘေးအန္တရာယ်ထိရောက်စွာ ကာကွယ်ရေးနှင့် နွေစပါးအောင်မြင်ရေးသည် အလွန်အရေးပါ ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဒူကွဲ၊ စလူ၊ ရွှေလောင်းရေလှောင်တမံများ တည်ဆောက် အဗျား-ရှမ်းကိုင်း၊ မင်းရွာ-ကုက္ကို၊ မင်းရွာ-ပိုင်ကျုံ၊ မင်းရွာ-ခရမ်း ရေနုတ်မြောင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိလာရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူး ဦးဘုန်းတင်က နှစ်စဉ်နွေစပါးဧက ၁၀၀၀၀ စိုက်ပျိုးရန် ငမိုးရိပ်ရေလှောင်တမံမှ ပိုလျှံရေများ၊ ချောင်းလက်တက်မှစီးဆင်းလာသော ရေများကို ရေထိန်းတံခါးတည်ဆောက်၍ သိုလှောင်ထားရှိပြီး ရေစုပ်စက်များဖြင့် ရေသွင်း၍ စပါးစိုက်ပျိုးထုတ်လုပ်ရန်၊ နွေရာသီတွင် ရေထိန်းတံခါးကို ပိတ်ထားခြင်းဖြင့် စိုက်ပျိုးမြေများ ရေငန်နှင့် နုန်းများဝင်ရောက်ခြင်းမှတားဆီးရန်၊ မိုးရာသီတွင် ဒီရေတက်ချိန်၌ဝင်လာမည့် ဒီရေကို တားဆီးပြီး ဒီရေကျချိန်တွင် ကွင်းရေကို လျင်မြန်စွာ ထုတ်နုတ်ရန်စသော ရေထိန်းတံခါးတည်ဆောက်ရခြင်း ရည်ရွယ်ချက်များနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရန်ကုန်မြို့တော်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် တစ်ဆက်တည်း ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးမှုအန္တရာယ်မှ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန် ကိုဒူကွဲရေလှောင်တမံ၊ စလူရေလှောင်တမံ၊ ရွှေလောင်းရေလှောင်တမံများ တည်ဆောက်ရေးလုပ်ငန်းများနှင့် အဗျား-ရှမ်းကိုင်း၊ မင်းရွာ-ကုက္ကို၊ မင်းရွာ-ပိုင်ကျုံ၊ မင်းရွာ-ခရမ်း ရေနုတ်မြောင်းများကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ထိရောက်စွာ ရေဘေးကာကွယ်တားဆီးပေးနိုင်မည် ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးမန်နေဂျာ ဦးတင်အောင်ဝင်းက မိုးစပါးလျာထားဧက ၁၂ သိန်းကျော်အနက် ၉၅ ရာခိုင်နှုန်း စိုက်ပျိုးဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဧက ၂၂၀၀ ကျော်ကို သိပ္ပံနည်းကျ စနစ်များဖြင့် စိုက်ပျိုးဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့သည် နိုင်ငံတော်၏အရေးကြီးသော တိုင်းဒေသကြီးများဖြစ်သည့်အပြင် လူဦးရေထူထပ်စွာ နေထိုင်ကြပြီး လယ်ယာကဏ္ဍအပါအဝင် စီးပွားရေးအရ အလွန်အရေးပါသော တိုင်းဒေသကြီးမြို့ကြီးများဖြစ်ကြောင်း၊ ဒေသနေပြည်သူလူထု၏ ရေဘေးအန္တရာယ် တားဆီးကာကွယ်ရေး ထိထိရောက်ရောက် ဆောင်ရွက်ပေးရန် လိုအပ်သည့်အပြင် ပဲခူးတိုင်းဒေသကြီး၏ မိုးစပါးစိုက်ဧက သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီး၏ မိုးစပါးစိုက်ဧက ၁၂ သိန်းတို့ကိုလည်း ရေဘေးအန္တရာယ်မှ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းနှင့် နွေစပါးသီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးသည် အလွန်အရေးပါသော လုပ်ငန်းများဖြစ်ကြောင်း။

အထူးဦးစားပေးတည်ဆောက်ရန် လိုအပ်လျက်ရှိသော ဆည်ငယ်နှင့် ရေထိန်းတံခါးများ၊ သဲနုန်းထုတ်မြောင်း စနစ်များကို ပွင့်လင်းရာသီအချိန်မီ စက်ယန္တရားနှင့် ပညာရှင်အင်အား အပြည့်အဝဖြင့် ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ အထူးဦးစားပေးရန် လုပ်ငန်းတစ်ရပ် အနေဖြင့် အသေးစိတ်အချက်အလက်များ ပြည့်စုံစွာ ပြုစုပြီး ရန်ပုံငွေလိုအပ်ချက်များကို နိုင်ငံတော်သို့ တင်ပြ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး စက်မှုလယ်ယာစနစ် အထူးဇုန်စိုက်ကွင်း ဇုန်(၁)အတွင်းရှိ လယ်လုပ်ငန်းရှင် ဦးစိုးဝင်း၏ ဖြစ်ထွန်းအောင်မြင်ပြီး အောင်နှံများ ထွက်ရှိနေသော စပါးဧက ၅၀၀ စိုက်ကွင်းသို့ သွားရောက်ကြည့်ရှုအားပေးကာ ရင့်မှည့်ချိန်နှင့် ရိတ်သိမ်းချိန်အထိ အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် အထူးဇုန်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ၏ တစ်ဆက်တစ်စပ်တည်း မိုးစပါးစိုက်ဧက ၅၀၀ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က စက်မှုလယ်ယာစနစ်စိုက်ခင်းများဖြစ်ထွန်းအောင်မြင်မှုနှင့် သက်တမ်းတို ရက် ၈၀ရှိ စပါးမျိုးသစ် စမ်းသပ်စိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်းက ဧက ၁၀၀၀၀ စိုက်ပျိုးရေး အထူးဇုန်(၁)နှင့် (၂)အတွင်း ရာနှုန်းပြည့် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် မိုးစပါးသီးနှံ ရေဝပ်လယ်မြေများ၌ ရေနုတ်မြောင်းစနစ် တည်ဆောက်ပေးရန် လိုအပ်ချက်များကို ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက စံပြဇုန်ကြီးဖြစ်ထွန်းအောင်မြင်ရေး အတွက် လိုအပ်ချက်များကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းရှင်များ၏ စံပြစိုက်ခင်းများ၌ (DRYER) မျိုးစေ့သိုလှောင်ရုံ (CYLO)များ တည်ဆောက် အသုံးပြုကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် အထူးဇုန်ဧက ၁၀၀၀၀ ဇုန်နယ်မြေ(၂)ရှိ Green Asia ကုမ္ပဏီ၏ အောင်နှံများ စုံလင်စွာ ထွက်ရှိနေသည့် ဖြစ်ထွန်းအောင်မြင်နေသော တစ်ဆက်တစ်စပ်တည်း ဧက ၅၀၀ စိုက်ခင်းသို့ ရောက်ရှိရာ စိုက်ခင်းတာဝန်ခံ ဦးလှမြင့်က အထူးအထွက်တိုး မိုးစပါး ဧက ၅၀၀ စိုက်ပျိုးမှုကို ရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်၏ စံနမူနာပြ စက်မှုလယ်ယာစိုက်ခင်းကြီးအဖြစ် လုပ်ငန်းရှင်များက ဦးဆောင်အကောင်အထည်ဖော်နေမှုအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တစ်ဧကစိုက်ပျိုးစရိတ် ကုန်ကျငွေနှင့် ရိတ်သိမ်းရောင်းချပြီးချိန်အထိ ရရှိသည့်ဝင်ငွေတို့ကို နှိုင်းယှဉ် တွက်ချက်ကာ တွက်ခြေကိုက်မှုကို သုံးသပ်ဆောင်ရွက်ကြရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက နိုင်ငံတစ်ဝန်းလုံး စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်မြင့်တင် ကူးပြောင်းနိုင်ကြခြင်းအားဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် ဆန်စပါးသီးနှံကို ပြည်ပဈေးကွက်၌ ခိုင်မာစွာပြန်လည်နေရာရရှိရေးအတွက် ကြိုးစားလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာ - ထိုင်း နှစ်နိုင်ငံ ရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၅

ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ ရဲချုပ် Mr. Wichean Potephosree ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်ခြောက်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လာရောက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ မြန်မာ-ထိုင်း နှစ်နိုင်ငံ ရဲတပ်ဖွဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ ရဲချုပ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ရဲချုပ် Mr. Wichean Potephosree နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်းတို့ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

စာရင်းသမား မျက်စိစာအုပ် ထုတ်ဝေဖြန့်ချိ

မောင်အေးမြ၏ စာရင်းသမားမျက်စိ စာအုပ်ကို Account Care စာအုပ်တိုက်မှ အသစ်ထုတ်ဝေလိုက်သည်။ စာအုပ်တွင် စာရင်းကိုင်လမ်းညွှန်၊ စာရင်းကိုင်လုပ်ထုံး၊ စာရင်းဌာနဖွဲ့စည်းပုံ၊ ဖွဲ့စည်းပုံနှင့် ဌာနအလိုက်တာဝန်များ၊စာရင်းအခြေပြုအထောက်အထားပုံစံများ စသည်ဖြင့် အခန်းငါးခန်းပါဝင်သည်။ အဝယ်နှင့်စာရင်း၊ အရောင်းနှင့်စာရင်း၊ ထုတ်လုပ်မှုနှင့်စာရင်း၊ ဆောင်ရွက်မှုနှင့်စာရင်း၊ ဆောက်လုပ်ရေးနှင့် စားသောက်ဆိုင်လုပ်ငန်းစာရင်း စသောလုပ်ထုံးလုပ်နည်းများကို အတွေ့အကြုံမှ ရရှိသည့် ဗဟုသုတအကြံဉာဏ်များဖြင့် စာရင်းစစ်ရှုထောင့်ကိုပါမြင်နိုင်အောင် ရေးသားတင်ပြထားသည်။ ထို့အပြင် အဝယ်ပြေစာပုံစံများ၊ ကုန်လက်ခံလွှာ၊ အဝယ်အမှာလွှာ၊ အရောင်းပြေစာ၊ အရောင်းရှင်းတမ်းပုံစံ၊ ကုန်ထုတ်ပေးမိန့်ပုံစံ၊ ကုန်ထုတ်လွှာ၊ သိုလှောင်ရုံ မှတ်ပုံတင်စာအုပ်၊ စတိုလယ်ဂျာ နေ့စဉ်ကုန်ချောထွက်ရှိမှုစာရင်း၊ အလုပ်အော်ဒါပုံစံ၊ တန်ဖိုးတွက်ဇယား၊ ငွေသွင်းလွှာ၊ ငွေထုတ်လွှာ၊ ငွေကိုင်ငွေစာရင်းစာအုပ်နှင့် စာရင်းကိုင်ငွေစာရင်းစာအုပ် အစရှိသည်တို့ ပါဝင်သည်။ စာအုပ်ကို Account Care စာအုပ်တိုက် အမှတ် (၂၄၃) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၄၆၅၆၊ ၀၉-၅၁၂၀၇၆၁၊ ၀၉-၇၃၀၈၂၂၆၉၊ ၀၉-၅၁၄၁၇၃၈ တို့မှ ဖြန့်ချိလိုက်သည်။

လောကပါလတရားနှင့် မိတ်စစ်ဆွေစစ်စာအုပ် ထုတ်ဝေဖြန့်ချိ

မောင်လှိုင်ရီ(ရမ္မာဝတီ)၏ လောကပါလတရားနှင့် မိတ်စစ်ဆွေစစ်စာအုပ် ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် စာရေးသူ၏ စာပေလုပ်သက် နှစ်ပေါင်း ၄၀ ကျော်အတွင်း လောကပါလတရားနှင့် မိတ်စစ်ဆွေစစ်တို့နှင့် ပတ်သက်သည့် လက်ရွေးစင်ဆောင်းပါး ၂၁ ပုဒ်ကို စုစည်းဖော်ပြထားသည်။

အဆိုပါ စာအုပ်ကို နယူးတိုက်ဂါးစာပေ အမှတ်(၂၁၆) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆၂၆၀၈၀တွင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူနိုင်သည်။

TV Guide ထုတ်ဝေဖြန့်ချိ

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ (၂)၊ အမှတ် (၃၁) ကို ဩဂုတ် ၁၅ ရက် (တနင်္လာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်း TV Guide စာစောင်တွင် ပရိသတ်များအတွက် ESPN နှင့် Star Sport ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် ဥရောပဘောလုံးရာသီ၏ ပွဲကြိုသုံးသပ်ချက်များ၊ Star Movies ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် The Eye, National Treasure, The Friday 13th, Halloween II,Avatar စသည့် ဇာတ်ကားများ၊ MRTV-4 ရုပ်သံလိုင်းတွင် ကြည့်ရမည့် Korea City of Seoul Is ....အစီအစဉ်သစ်၊ Mandalay FM လေလှိုင်းတွင် တိုက်ရိုက်နားဆင်ရမည့် Premier League တိုက်ရိုက်လေလှိုင်း ထုတ်လွှင့်မှု၊ ရုပ်သံအားလုံး၏ ဩဂုတ် ၁၆ ရက်မှ ၃၁ ရက်အထိ အစီအစဉ်များ အပြင် မြဝတီရုပ်သံလိုင်း၏ ဩဂုတ် ၁၆ ရက်မှ၃၁ရက်အထိ အစီအစဉ်များပါဝင်သည်။

TV Guideစာစောင်ကိုTV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door to Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆သို့ မှာယူနိုင်သည်။

မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်တို့၌ ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲများ ဖွင့်လှစ် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ငွေထုတ်ချေးခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရွှေဘိုခရိုင်ရုံး၌ ခရိုင်အင်ဂျင်နီယာမှူး ဦးစိုးသိန်း၏ ခရိုင်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ တင်ပြချက်အပေါ် မိမိခရိုင်အတွင်းရှိ လမ်း၊ တံတားများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် B.O.T လမ်းများကိုလည်း စစ်ဆေးကြပ်မတ်ပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အထူးအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့နှင့် မြို့နယ်ခွဲတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မိမိတို့တာဝန်ယူဆောင်ရွက်သည့် အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း ၊ စက်မှုနှင့် အင်ဂျင်နီယာပိုင်းဟူ၍ ဖွဲ့စည်းပုံအတိုင်း ဟန်ချက်ညီညီ လုပ်ဆောင်ရန်၊ အုပ်ချုပ်မှုကောင်းမွန်စေရေးနှင့် လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးတို့ကို အထူးအလေးထား လိုက်နာဆောင်ရွက်သွားရန်မှာကြားပြီး ရုံးခန်းများနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြင်းမူမြို့ရှိ ဇေယျာရတနာ ငွေစုငွေချေး အသင်းခွဲဖွင့်လှစ်မည့် ရုံးသို့ရောက်ရှိပြီး ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲ မြင်းမူမြို့နယ်၌ ထူထောင်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြင်းမူမြို့နယ် ဇေယျာရတနာ ငွေစုငွေချေး အသင်းခွဲအတွက် လုပ်ငန်းစတင်ရန် မတည်ငွေကျပ် သိန်း ၁၀၀ ကို အသင်းဥက္ကဋ္ဌ ဦးသိုက်ထွန်းထံ ပေးအပ်ပြီး ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲက တောင်သူလယ်သမား၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ အိမ်ဆိုင်/စတိုးဆိုင်၊ အခြေခံလူတန်းစားတို့အတွက် ငွေထုတ်ချေးခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မြောင်မြို့နယ် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ မြောင်မြို့နယ် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲအတွက် လုပ်ငန်းစတင်ရန် မတည်ငွေကျပ်သိန်း ၁၀၀ ကို မြောင်မြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ကြည်ထံ ပေးအပ်ကာ အသင်းခွဲက တောင်သူလယ်သမား၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ အိမ်ဆိုင်/စတိုးဆိုင်၊ အခြေခံလူတန်းစား၊ မွေးမြူရေးလုပ်ငန်းတို့အတွက် ငွေထုတ်ချေးခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြောင်မြို့နယ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး မြို့နယ်အင်ဂျင်နီယာ ဒေါ်နွယ်နွယ်ဌေး၏ လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်နေမှု၊ စက်ယာဉ်ယန္တရားရရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ထမ်းများကို ဖွဲ့စည်းပုံအတိုင်း ခန့်ထားတာဝန်ပေးအပ်ရန်၊ လုပ်ငန်းအောင်မြင်အောင် ကြိုးကြိုးစားစားလုပ်ကိုင်ရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲ (မြင်းမူမြို့နယ်) အတွက် မတည်ငွေကျပ် သိန်း ၁၀၀ ကို အသင်းဥက္ကဋ္ဌ ဦးသိုက်ထွန်းထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီအောင် မြှင့်တင်ဆောင်ရွက်သွားမည် သင်တန်းမှ ပို့ချချက်များ၊ လက်တွေ့လေ့ကျင့်မှုများကို ကြိုးစားလိုက်နာသင်ယူ

နေပြည်တော် ဩဂုတ် ၁၅

အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေး၊ အခြေခံပညာ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅၀၁ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာ၌ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာအောင် တိုးတက်မြှင့်တင် ဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း အလေးထားအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိကျင့်သုံးနေသည့် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ အထောက်အကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများ၏ အရည်အချင်း မြင့်မားရေးနှင့် ၎င်းတို့၏လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေး၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများသို့ တက်ရောက်မှုနှုန်း မြင့်မားလာရေးတို့ကို ဆက်လက်ဆောင်ရွက်ရင်း နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းကို တက်လှမ်းနိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် သင်တန်းမှ ပို့ချချက်များ၊ လက်တွေ့လေ့ကျင့်မှုများကို ကြိုးစားလိုက်နာသင်ယူသွားရမည် ဖြစ်သည့်အပြင် သင်တန်း၏ စည်းမျဉ်းစည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာစောင့်ထိန်းသွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ နိုင်ငံတော်သစ်တည်ဆောက်ရေးနှင့် ပတ်သက်သည့် မူဝါဒ၊ လုပ်ငန်းစဉ်များအပြင် ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို စနစ်တကျလေ့လာပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် နိုင်ငံတော်ကတည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို အခြေခံပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ၌ အခြေခံပညာကဏ္ဍကနေ ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတော်၏ အခြေခံပညာကဏ္ဍ ပညာရေးတာဝန်များကို စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံ၍ စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆) သင်တန်းဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဇူလိုင် ၃၀ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စစ်တောင်းမြစ်ရေ

နေပြည်တော် ဩဂုတ် ၁၅

***စစ်တောင်းမြစ်ရေ**သည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့၌ ၆၃၈ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၈ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။*

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၃၀ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၇။ အင်္ဂလိပ်စာသုတ
- ၄း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း (၂၈)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၄၀)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒို့တာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ မွေးမြူသုတ
- ၂၁။ ဟာသရုပ်စုံ
- ၂၂။ သီချင်းလက်ဆောင်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၉)**
- ၂၅။ Mini Series

ပဲခူးမြစ်ရေလျှံမှုကြောင့် ပဲခူးမြို့ ခေါင်းဆေးကျွန်းရပ်ကွက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်၌ ရေလွှမ်းမှုဖြစ်ပေါ်လျက်ရှိရာ ခရီးသွားပြည်သူများ ဤသို့ ဖြတ်သန်းသွားလာနေကြသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။ (ကြေးမုံ)

မြို့ပြအင်ဂျင်နီယာကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၈၃ ဝင်ခွင့်ရရှိသူများနှင့် ၁၉၈၆ မြို့ပြအင်ဂျင်နီယာဘွဲ့ရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ်မြောက် ပူဇော်ပွဲကို အင်းလျားကန်ဟိုတယ် မြက်ခင်းပြင်၌ ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ရာ နေရပ်လိပ်စာ၊ ဓာတ်ပုံနှင့် စာအုပ်များ စီစဉ်နိုင်ရန်အတွက် ကိုသန်းထွဋ် ဖုန်း-၀၉-၅၀၂၁၁၅၆၊ ကိုညီညီလွင် ဖုန်း-၀၉-၅၀၁၂၉၇၉၊ ကိုအောင်နိုင်လေး ဖုန်း-၀၉-၅၅၅၀၀၀၃နှင့် ကိုခင်မောင်လွင် ဖုန်း-၀၉-၅၁၂၀၉၃၀ တို့သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)

☆ရှေ့ဖုံးမှ

ကျင်းပရာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရပ်အလိုက် နည်းပြအဖြစ် ဆွေးနွေးပို့ချမည့်အရာရှိများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကာ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ဆောင်ရွက်ရန် ပြဋ္ဌာန်းချက်အပေါ် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ဂျီနီဗာ ကွန်ဗင်းရှင်းလေးခုကို ၂၈-၈-၁၉၉၂ ရက်တွင်လည်းကောင်း၊ အမျိုးသမီးများအား ခွဲခြားဖိနှိပ်မှုပပျောက်ရေးစာချုပ် (Convention on the Elimination of all Forms of Discrimination Against Women) (CEDAW) ကို ၂၂-၇-၁၉၉၇ ရက်တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များ အခွင့်အရေးစာချုပ် (Convention on the Rights of the Child) (CROC)ကို ၁၄-၇-၁၉၉၁ ရက်တွင်လည်းကောင်း အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ပါအချက်အလက်များကို အကောင်အထည်ဖော်နိုင်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစီရင်ခံစာများကိုလည်း သတ်မှတ်ထားသည့် ကာလအလိုက် တင်သွင်းခဲ့ကြောင်း။

မှာကြား

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကော်မတီကို ၂၆-၄-၂၀၀၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၁၄-၁၁-၂၀၀၇ နေ့စွဲပါ အမိန့်ကြော်ငြာစာ(၅၃/၂၀၀၇)ဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ကို နာယက လေးဦး၊ အဖွဲ့ဝင် ၂၁ ဦးတို့ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ ကိုးခုကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့သင်တန်းတွင် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၌ လက်တွေ့ဆောင်ရွက်နေသူများကိုပါ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် ဗဟုသုတများရရှိစေရန် ပါဝင်တက်ရောက်စေခဲ့သဖြင့် နယ်ပယ်စုံမှ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်အမြင်ချင်းဖလှယ် ဆွေးနွေးခွင့်ရရှိကြလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ အတွေ့အကြုံဗဟုသုတများကို တိုးပွားစေပြီး လွတ်လပ်မှုနှင့် တာဝန်သိမှု၊ လွတ်လပ်မှုနှင့် စည်းကမ်းရှိမှုများကို မှန်ကန်စွာကျင့်သုံးနိုင်ခြင်းဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားသည့်အဖွဲ့အစည်းအဖြစ် ဖော်ဆောင်လာနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုဖွင့်လှစ်သည့် သင်တန်းမှ ဆွေးနွေးသိရှိမှုများကို လက်တွေ့နယ်ပယ်အထိ ယူဆောင်သွားပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ နိုင်ငံတကာ စံများနှင့် မသွေဖည်စေဘဲ ကျင့်သုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ကြာမြင့်

ယနေ့ဖွင့်လှစ်သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ သင်တန်း(၂၀၁၁)သို့ သင်တန်းသား၊ သင်တန်းသူ ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ခန့် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ရေဘေးသင့်သူများအား ကျန်းမာရေးစောင့်ရှောက်

ဩဂုတ် ၁၅ ရက်က တောင်ငူမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့်ပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြစဉ်။

(သတင်းစဉ်)

CMP လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

CMP လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန CMP ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ CMP အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ CMP လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က နိုင်ငံတော်အနေဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ထောင်လျက်ရှိပြီး CMP လုပ်ငန်းများသည် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ထောင်ရာတွင် အထူးအားထားရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ မကြာခင်ကာလတွင်လည်း CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အခြားနိုင်ငံများသည်ပင် CMP လုပ်ငန်းများမှ တစ်ဆင့် စက်မှုနိုင်ငံထူထောင်အောင်မြင်မှုများရရှိသည်ကို လေ့လာတွေ့ရှိခဲ့ကြောင်း၊ CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှ အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် CMP ကြီးကြပ်ရေးဆပ်ကော်မတီအသီးသီး၊ ဝန်ကြီးဌာနများနှင့် CMP လုပ်ငန်းရှင်များက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက CMP လုပ်ငန်းများသည် နိုင်ငံတော်၏ သယံဇာတ အရင်းအနှီးများ မကုန်ဘဲ လုပ်အားကို အသုံးချရုံဖြင့် အကျိုးအမြတ်ရရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ CMP လုပ်ငန်းများနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲပြီး ကျွမ်းကျင်အလုပ်သမားများ၊ အတတ်ပညာရှင်များ ပေါ်ပေါက်အောင် စီစဉ်ဆောင်ရွက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အလုပ်ရှင်အလုပ်သမား မျှတသောဆက်ဆံမှုဖြင့် တွေ့ကြုံနေရသော အခက်အခဲများကို ကျော်လွှားသွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော CMP အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုး၊ အတွင်းရေးမှူးဦးကျော်ဝင်းနှင့် CMP လုပ်ငန်းရှင်များက အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်မှု၊ အလုပ်သမားများ၏ အခွင့်အလမ်းများ ရရှိနိုင်ရေးနှင့် ဝင်ငွေခွန် စည်းကြပ်မှုနှင့် ပေးဆောင်ရမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက လုပ်ထုံးလုပ်နည်းဆိုင်ရာ အဟန့်အတားများ ဖြေလျှော့ပေးနိုင်မှုကိစ္စရပ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှု အခြေအနေများကို ပြန်လည်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

ကုန်ချော ဖြန့်ဖြူးရောင်းချခြင်းနှင့် ဈေးကွက်ရှာဖွေ တိုးချဲ့ခြင်းလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်နိုင်ပါက ဝင်ငွေပိုမိုတိုးတက် ရရှိလာမည်ဖြစ်သောကြောင့် တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် စီးပွားရေးအမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး စက်ရုံတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမှတ်(၁)ရေနံချက်စက်ရုံဝင်းအတွင်းရှိ WPP အိတ်ခွံရက်လုပ်သည့် စက်ရုံသို့ သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရေနံချက်စက်ရုံရိပ်သာ ရှင်းလင်းဆောင်၌ ရေနံဓာတ်ငွေ့ရည် (LPG) တင်သွင်းဖြန့်ဖြူးခွင့် ရရှိထားသော လုပ်ငန်းရှင်များအား တွေ့ဆုံရာ ရှေးဦးစွာ ကုမ္ပဏီတာဝန်ရှိသူများက ရေနံဓာတ်ငွေ့ရည် (LPG) တင်သွင်း ရောက်ရှိမှု၊ ဖြန့်ဖြူးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရေနံဓာတ်ငွေ့ရည်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်နှင့် လွယ်ကူစွာသုံးစွဲနိုင်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများကို စတင်တင်သွင်းဖြန့်ဖြူးခွင့် ပေးနေပြီဖြစ်ကြောင်း၊ ကုမ္ပဏီများက မှာယူတင်သွင်းလာသော ရေနံဓာတ်ငွေ့ရည် တန် ၁၂၀၀ သည် ဇူလိုင်လအတွင်းရောက်ရှိခဲ့သဖြင့် စွမ်းအင်ဝန်ကြီးဌာနက ယာယီလက်ခံ၍ သိုလှောင်ပေးထားကြောင်း၊ ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အထောက်အကူပစ္စည်းများ ပံ့ပိုးကူညီပေးခြင်းများကိုလည်း ဆောင်ရွက်ပေးထားကြောင်း၊ ဈေးကွက်အတွင်း ပြည်သူများ လွယ်ကူသက်သာစွာ ဝယ်ယူအသုံးပြုနိုင်ရန် သင့်တင့်သောအမြတ်ငွေကိုသာရယူပြီး ကုမ္ပဏီများက ဝယ်ယူတင်သွင်းထားပြီးဖြစ်သည့် 4kg၊ 15kg၊ 48 kg အရွယ်အစားရှိသော အိုးများအတွင်း ဓာတ်ငွေ့ရည်ဖြည့်သွင်း၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ အစပြုကာ တစ်နိုင်ငံလုံးသို့ တိုးချဲ့ဖြန့်ဖြူးရေးလုပ်ငန်းများ အမြန်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး Universal Energy ကုမ္ပဏီနှင့် Green Luck Trading ကုမ္ပဏီများ၏ ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး သန်လျင်မြို့ရှိ ရေနံချက်စက်ရုံဝင်း၌ ရေနံဓာတ်ငွေ့ရည် သိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း (၄/၂၀၁၁) ကို စက်တင်ဘာ ၁ ရက်မှ စတင်၍ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား)တိုက်အမှတ် (P) အခန်းအမှတ် (၀၀၅)(၅)လွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူဦးရေ ၂၀ သာလက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်းအမှတ်(၁၀၁) KSS နတ်သုဒ္ဓါဒံပေါက်ဆိုင်၌ ရယူ၍ ဩဂုတ် ၃၁ ရက်နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ပြီး ဖုန်း-၂၀၃၂၈၉ သို့ ဆက်သွယ်လျှောက်ထားနိုင်သည်။ (ကြေးမုံ)

အစားအစာချက်ပြုတ် သရုပ်ပြပွဲ တပ်ကုန်း၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များဖွင့်ပွဲနှင့် အာဟာရပြည့်ဝမျှတသည့် အစားအစာများ ချက်ပြုတ် သရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ် အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ **(အောက်ပုံ)** နှင့် မြို့နယ် အာဟာရရက်သတ္တပတ်လှုပ်ရှားမှုကော်မတီ အတွင်းရေးမှူး မြို့နယ် ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အာဟာရဌာနခွဲမှ ဆရာမကြီးများက အာဟာရပြည့်ဝမျှတသည့် အစားအစာများ ချက်ပြုတ်သရုပ်ပြပြောပြကြပြီး တက်ရောက် လာကြသည့် မိခင်နှင့်ကလေးများအား အချိုရည်နှင့် မုန့်များ ဝေငှပေးကြသည်။

(၀၉၂)

ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုး၏ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြု

တောင်သူလယ်သမားများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ ရေလုပ်ငန်းသမားများ၊ မွေးမြူရေးလုပ်ငန်းသမားများအပါအဝင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအတွက် များစွာအကျိုးပြုနိုင်မည်

နေပြည်တော် ဩဂုတ် ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၁)ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၊ နောက်ဆက်တွဲဇယား ၁ မှ ဇယား ၆ အထိတွင် ပါရှိသော ကုန်စည်တစ်မျိုးမျိုးကို ပြည်ပသို့တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ရှစ်ရာခိုင်နှုန်းကို ရရှိသည့်နိုင်ငံခြားငွေဖြင့် ပေးဆောင်ရန် သတ်မှတ်ထားခြင်းအစား ဇူလိုင် ၁ ရက်မှစ၍ ငါးရာခိုင်နှုန်းသာ ပေးဆောင်ရန်လည်းကောင်း၊ တစ်ဖန် အမိန့်ကြော်ငြာစာအမှတ် (၁၄၂/၂၀၁၁)ဖြင့် ၎င်းကုန်စည်တစ်မျိုးမျိုးကိုပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတို့တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေရရှိပါက ယင်းရောင်းရငွေစုစုပေါင်း၏ ရှစ်ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ကျပ်ငွေဖြင့် ပေးဆောင်ရန် သတ်မှတ်ထားခြင်းအစား ဩဂုတ် ၁၅ ရက်မှစ၍ ငါးရာခိုင်နှုန်းသာ ပေးဆောင်ရန်လည်းကောင်း လျှော့ပေါ့သတ်မှတ်ပေးခဲ့ပြီး ဖြစ်သည်။

ယခုအခါ ထပ်မံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ်(၃၂/၂၀၁၁) ဖြင့် ဆန်၊ပဲမျိုးစုံ၊ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချို ရေငန်ထွက် ရေထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ(ကန့်သတ်ကုန်ပစ္စည်းများမှအပ) စသည့် ပြည်ပပို့ကုန်အမျိုးအစား(၇)မျိုး၏ ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို (၁၅-၈-၂၀၁၁)ရက်မှ (၁၄-၂-၂၀၁၂)ရက်ထိ ကင်းလွတ်ခွင့် ပြုလိုက်ပြီဖြစ်သည်။

လက်ရှိအခြေအနေတွင် နိုင်ငံတော်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်းများ မတည်မငြိမ်ဖြစ်ပြီး ပို့ကုန်လုပ်ငန်းများကျဆင်းလျက်ရှိသည်။ ပို့ကုန်လုပ်ငန်း ထိခိုက်သည်နှင့်အမျှ ပြည်တွင်းဝယ်လိုအား လျော့ကျစေပြီး ကုန်ထုတ်လုပ်မှုများကိုလည်း ထိခိုက်စေသည်။ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်မှုရှိပြီး တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန်၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ပို့ကုန်တိုးမြှင့်နိုင်စေရန်နှင့် နိုင်ငံတကာဈေးကွက်တွင် ဈေးနှုန်းအရ ပြိုင်ဆိုင်လာနိုင်စေရန်ရည်ရွယ်၍ အထက်ဖော်ပြပါ ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုး၏ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါ ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုး၏ ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုခဲ့ခြင်းကြောင့် တောင်သူလယ်သမားများ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ ရေလုပ်ငန်းသမားများ၊ မွေးမြူရေးလုပ်ငန်းသမားများ အပါအဝင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန်လည်း ပြန်လည်မြင့်မားတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် အမြဲမပြတ် လေ့လာစောင့်ကြည့်သုံးသပ်ပြီး ဆောင်ရွက်သင့်သည်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ပြည်ပပို့ကုန်အမျိုးအစား ခုနစ်မျိုး၏ကုန်သွယ်လုပ်ငန်းခွန်ကို ကင်းလွတ်ခွင့်ပြုခဲ့ခြင်းသည် ပြည်သူတစ်ရပ်လုံးက ကြိုဆိုကြရမည့် လုပ်ဆောင်ချက်တစ်ရပ်ပင်ဖြစ်သည်။ (သတင်းစဉ်)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

ကာလပေါ်တေး/ခေတ်ဟောင်းတေး

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား)

(က)	ဗောဓိပင်နှင့် ရွှေပလ္လင်	(ဒေါ်ကြည်အောင်)
(ခ)	နတ်ဒေဝီ	(ခင်မောင်ရင်)
(ဂ)	ဇရာ	(ကိုမင်းနောင်)
(ဃ)	စိမ့်ကြီးမြိုင်ကြီး	(ကိုအံ့ကြီး)
(င)	ရပ်ကြီးသူ	(ဦးသိန်းကြွယ်)
(စ)	တောင်သမန်	(နန်းတော်ရှေ့ဆရာတင်)
(ဆ)	ဘုံဓမ္မတာ	(ဥဩဘသောင်)
(ဇ)	ကျောင်းတော်ရာ	(ပြည်ဘရှင်)
(ဈ)	ပန်းစုံတဲ့တော	(ခင်မောင်ရင်)
(ည)	မင်္ဂလာတော်	(ဥဩဘသောင်)

၂။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသမီး)

(က)	မြိုင်	(ရီရီသန့်)
(ခ)	ဆယ့်နှစ်လရာသီ	(မေမေဝင်း)
(ဂ)	မဟာတြိရတနာ	(ရီရီသန့်)
(ဃ)	နီးအောင်ပင်လှမ်း	(ဒေါ်ကြည်အောင်)
(င)	ဂီတအခြေခံ	(အဖွဲ့)
(စ)	မေတ္တာဝေသံဆန်း	(တင်တင်မြ)
(ဆ)	နွေဦးတေးသံ	(မေလှမြိုင်)
(ဇ)	ဝေဿန္တရာ	(ရီရီသန့်)
(ဈ)	ပျံ့သန်းရမည့်နေ့	(စိန်စိန်မြိုင်)
(ည)	မိဘမေတ္တာ	(ဒေါ်ကြည်အောင်)

၃။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)

(က)	ရွှေတိဂုံသမိုင်း	(ဒေါ်ကြည်အောင်)
(ခ)	စိမ်း	(ကိုမြင့်ဆွေ)
(ဂ)	ချစ်ရတုထံတျာ	(ကိုလေးမြင့်)
(ဃ)	စိမ်းလဲ့ညို	(မောင်မောင်ကြီး)
(င)	အမြတ်ဆုံးလူ	(မောင်မောင်ကြီး)
(စ)	စာဆိုစစ်သည်	(စန္ဒရားထွန်းညွန့်)

၄။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသမီး)

(က)	စန္ဒကိန္နရီ	(ဒေါ်လှရွှေ)
(ခ)	ကျေးစေတမန်	(မေရှင်)
(ဂ)	အာရောဂျံ	(ဒေါ်ကြည်အောင်)
(ဃ)	တောင်တန်းပြာနဲ့ကျောပိုးအိတ်	(တင်တင်မြ)
(င)	ကထိန်သင်္ကန်း	(စိန်ပါတီ)
(စ)	စိမ်းရောင်စို	(လေဘာတီမြရင်)

၅။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)

(က)	ကတ္တဋ္ဌရွှေစည်	(ဂီတာစိမ်းမောင်)
(ခ)	ဖန်တီးသူတို့အပြုံးများ	(ဂီတလုလင်ဦးကိုကို)
(ဂ)	မဲဇာရွှေလီ	(လေဘာတီမြရင်)
(ဃ)	တိမ်တမန်	(စန္ဒရားလှထွတ်)

၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)

(က)	မေတ္တာဟူသည်	(ထား)
(ခ)	ဥတုသုံးလီ	(တင်တင်မူ)
(ဂ)	ဘုတ်တလုတ်ကန်	(ထား)
(ဃ)	ရွှေမိုးရယ်မှောင်	(တင်တင်မြ)

(ဆက်လက်ဖော်ပြပါမည်)

မုတ်သုံလေအားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ သိမ်ဇရပ်မြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ကန့်ဘလူမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၃၂ လက်မနှင့် မချမ်းဘောမြို့တွင် ၁ ဒသမ ၈၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက် ။ ။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

မြောင်းအလုပ်နှင့် ပေါင်းမြက်ရှင်းလင်းခြင်းဆောင်ရွက်

အိမ်မဲ ဩဂုတ် ၁၅

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ဩဂုတ် ၂ ရက်က အဖွဲ့ရုံးရှေ့ မြောင်းအလုပ်ဆောင်ရွက်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စိုးက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၈-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အတွင်းရှုပ်၊ အပြင်ရှုပ်၊ အမြစ်ဖြုတ်"တရားတော် (ဆရာတော်အရှင်တေဇနိယ)
- ၆း၄၀ ပုခန်းကြီးရှေးဟောင်းကျောင်းတော်ကြီး
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၉)**
- ၈း၅၀ Activities In The City
- ၉း၁၅ တောင်စွန်းဓမ္မဒူတမှ အလှူတော်မင်္ဂလာ
- ၉း၃၀ Cartoon Show Time
- ၁၀း၁၀ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏အဘိဓမ္မာ(၇)ကျမ်း သာသနာပြုမှတ်တမ်း
- ၁၀း၂၀ Activities In The City
- ၁၀း၄၀ Celebrity Style
- ၁၁း၁၀ International Show Biz
- ၁၁း၂၅ ဇီဝိတဒါနဆေးလှူဒါန်းပွဲနှင့် ဆေးကုသပွဲအခမ်းအနား
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ သင်ကြားရေးလမ်းညွှန်
- ၁၂း၄၀ မြန်မာပြည်ရဲ့"ပါရမီ"
- ၁း၀၀ "အတွင်းရှုပ်၊ အပြင်ရှုပ်၊ အမြစ်ဖြုတ်"တရားတော် (ဆရာတော်အရှင်တေဇနိယ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂း၄၀ MBE ၏မူလတန်းကျောင်း ဆောက်လုပ်လှူဒါန်းပွဲ
- ၂း၅၅ အရိုးအကြောအဆစ်ရောဂါများ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၃း၀၅ Activities In The City
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၇)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၃၉)**
- ၅း၀၅ The Champion of Dance
- ၅း၄၅ အောင်မြင်သူများအား ဂုဏ်ပြုခြင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Dell Show Room (မန္တလေးဆိုင်ခွဲ) ဖွင့်ပွဲအခမ်းအနား
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၉၈)**
- ၇း၂၀ Celebrity Choice
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၀)**
- ၁၀း၂၀ World of Knowledge
- ၁၁း၁၀ ယဉ်တကာ့ယဉ်
- ၁၁း၃၀ ဖန်တီးသူနှင့်အနုပညာ
- ၁၂း၀၀ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
- ၁၂း၂၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
- ၁၂း၄၅ လင်းလက်တောက်ပ မီးဆိုင်းအလှ
- ၁း၀၀ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် (ထွန်းထွန်းဝင်း၊ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁း၁၅ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
- ၁း၃၀ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
- ၁း၅၅ ထူးခြားဆန်းပြားတဲ့ ကြပ်ကြာရိုက်ကုသ်ပွဲ
- ၂း၁၅ Box Office Movies (Star Trek)
- ၂း၄၅ သာယာစိုပြည်ကြံခင်းမြေ
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
- ၄း၁၅ ပြင်ဦးလွင်မှ ပြင်ဦးလွင်စတား ဆွယ်တာလုပ်ငန်း
- ၄း၃၀ ဖိတ်ခေါ်ပါသည် ဖွံ့ဖြိုးဝေစည် ညောင်ကျိုးမြို့ဆီသို့
- ၄း၄၅ ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်ပါသည်။

BCA ဝင်ခွင့်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၅

စင်ကာပူ အမျိုးသားဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လက်အောက်ကျောင်းဖြစ်သည့် BCA Academy ၏ 2011 အောက်တိုဘာဝင်ခွင့်စာမေးပွဲကို ဩဂုတ် ၂၈ ရက်တွင် Care Forever နှင့် BCA Academy တို့ ပူးပေါင်းစစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ BCA Academy ကို အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူတိုင်း လျှောက်ထားနိုင်ပြီး အမှတ်စာရင်း အနည်းအများ IELTS/TOEFL အမှတ်များလည်း မလိုအပ်ဘဲ လျှောက်ထားနိုင်ကြောင်း သိရသည်။ ဝင်ခွင့်စာမေးပွဲတွင် မိမိတို့ရွေးချယ်သည့် ဘာသာရပ်အပေါ် မူတည်၍ ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။ BCA Academy တွင် Diploma in Construction Engineering, Diploma in Design (Interior and Landscape), Diploma in Mechanical Engineering, Diploma in Strategic Facilities Management, Diploma in Electrical Engineering and Clean Energy, Diploma in Construction Information Technologyစသည့်ဘာသာ ရပ်များ သင်ကြားနိုင်မည်ဖြစ်သည်။ ထူးချွန်စွာ အောင်မြင်သူများကို သုံးနှစ် စာ ကျောင်းစရိတ်၏ ၆၀ ရာခိုင်နှုန်းကို ပညာသင်ဆုအနေဖြင့် ကင်းခွင့်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။ ပညာသင် နှစ်သုံးနှစ်၏နောက်ဆုံးနှစ်တွင် စာတွေ့ လက်တွေ့အပြင် လုပ်ငန်းခွင်လက်တွေ့ များရှိပါသည်။ ပညာသင်ကင်းလွတ်ခွင့် အခွင့်အလမ်းလည်း ရှိသောကြောင့် ဝင်ခွင့်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင် နိုင်စေရန်အတွက် Care Forever ရှိ ဆရာ၊ ဆရာမများက သင်တန်းပို့ချပေး နေပြီဖြစ်ကြောင်းလည်း ထပ်မံသိရှိရ သည်။ အသေးစိတ် သိရှိလိုသူများ အတွက် Care Forever (ရန်ကုန်) ဖုန်း- ၀၉-၅၁၆၆၂၄၀၊ ၀၉-၇၃၁၁၃၀ ၉၂ ၀၁-၅၆၉၈၁၈၊ Care Forever (မန္တလေး) ဖုန်း-၀၉- ၈၆၂၅၄၄၃၊ ၀၉- ၄၉၂၂၄၈၅၁ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ခုနှစ် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက် ရောင်းချပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆင့်နိမ့် အသားကျောက် အတွဲများ ဝယ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်တွင်းရတနာ ကုမ္ပဏီများမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအနီး ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အဆင့်နိမ့်ကျောက်စိမ်းအသားကျောက် အတွဲများကို ကြည့်ရှုလေ့လာကြပြီး ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက လိုက်လံကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့နံနက်ပိုင်းတွင် အသားကျောက်အတွဲများဝယ်ယူရန် ရတနာကုန်သည်များ၏ ဈေးနှုန်းအဆိုပြုလွှာများ ထည့်သွင်းထားသည့် တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးရောင်းချရာ အသားကျောက် အတွဲပေါင်း ၆၄ တွဲ ရောင်းချရသည်။

ယခု ကျင်းပလျက်ရှိသည့် အဆင့်နိမ့်ကျောက်စိမ်း အသားကျောက်ရောင်းချပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၆ ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ပြည်တွင်းရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆင့်နိမ့် အသားကျောက်အတွဲများ ဝယ်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြည်တွင်း အားကစားသတင်းများ

ပြည်တွင်း အားကစားသတင်းများ ပြည်တွင်း အားကစားသတင်းများ

AFC Cup ပြိုင်ပွဲဝင်ခွင့် ရရှိရေးဆိုင်ရာ စည်းဝေး

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်(MNL) ပြိုင်ပွဲဝင် ကလပ်အသင်းများအနေဖြင့် လာမည့် ၂၀၁၂ ခုနှစ်တွင် အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ကျင်းပမည့် AFC Cup ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က AFC သို့ တင်ပြလျှောက်ထားခဲ့ရာ AFC မှ မူအားဖြင့် သဘောတူခဲ့ပြီး AFC မှ ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်ပြီး ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ လက်ရှိ MNL ကလပ်အသင်း ပြိုင်ပွဲများ ကျင်းပလျက်ရှိသော ဘောလုံးကွင်း ခြောက်ကွင်းအား သွားရောက်စစ်ဆေး ကြည့်ရှုခဲ့သည်။

ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် AFC ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ဦးဆောင်သည့် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ MNL ကလပ်အသင်း ပိုင်ရှင်များနှင့် တာဝန်ရှိသူများ ပါဝင်သော အဖွဲ့တို့ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာနေရှင်နယ်လိဂ်သက်တမ်းမှာ သုံးနှစ်ခန့်သာရှိသေးသော်လည်း အတိုင်းအတာတစ်ခုအထိ တိုးတက်ဖြစ်ထွန်းနေကြောင်း၊ မိမိတို့ AFC သို့ တင်ပြထားပြီးဖြစ်သည့်အတိုင်း လာမည့် ၂၀၁၂ တွင် AFC ၏ ဒုတိယ အဆင့်အမြင့်ဆုံးကလပ်အသင်းပြိုင်ပွဲဖြစ်သည့် AFC Cup 2012 ကို ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန် တင်ပြလျှောက်ထားခဲ့ပြီး အဆင့်မီပြိုင်ပွဲများကို လက်ခံကျင်းပနိုင်အောင်လည်း မိမိတို့ဘက်က ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၂ တွင် AFC Cup ပြိုင်ပွဲဝင်ပြိုင်ခွင့်ရအောင် AFC အနေဖြင့်လည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပေးသွားစေလိုပါကြောင်း ရှင်းလင်းပြောကြားသွားသည်။**(ဝဲပုံ)**

အဆိုပါ ပြိုင်ပွဲဝင်ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် သက်ဆိုင်ရာ MNL ကလပ်အသင်းများ၏ အိမ်ကွင်းများ အဆင့်မြှင့်မွမ်းမံပြင်ဆင်မှု အထောက်အထားများကို အောက်တိုဘာ ၁ ရက် နောက်ဆုံးထား၍ အာရှဘောလုံးအဖွဲ့ချုပ် AFC သို့ ပေးပို့တင်ပြရမည်ဖြစ်သည်။

(ကြေးမုံ)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက်ပွဲစဉ် စတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ရှုံး/ထွက်ပွဲစဉ်အဖြစ် အမှတ်(၂)နေပြည်တော် အားကစားကွင်း၌ စတင်ကျင်းပရာ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်အားပေးကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန - နှစ်ဂိုး
(ဗန်းမွန်းကျိုး၊ ပိုင်မိုးဝေ)
အားကစားဝန်ကြီးဌာန - တစ်ဂိုး
(ရဲစွမ်းမြတ်ဟိန်း)
(ဒိုင်လူကြီး) ဦးတင်ထွန်း
(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ဩဂုတ် ၁၆ ရက်တွင် ဒုတိယပွဲစဉ်အဖြစ် ဟိုတယ်/ခရီး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

မြန်မာစီနီယာပီဂျီအေ လက်ရည်စစ်ပြိုင်ပွဲပြီးစီး

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာစီနီယာပီဂျီအေတို့ ပူးပေါင်းကျင်းပသည့် မြန်မာစီနီယာပီဂျီအေ ပြိုင်ပွဲများအတွက် လက်ရည်စစ်ပြိုင်ပွဲ(မန္တလေး) ပွဲစဉ်ကို ဩဂုတ် ၁၀ ရက်မှ ၁၁ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပခဲ့ရာ ၄၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ လက်ရည်စစ်ပြိုင်ပွဲအပြီးတွင် ဦးအောင်ထွဋ်၊ ဦးသန်းထွန်း၊ ဦးကြည်ဟန်၊ ဦးစိုးညွန့်၊ ဦးခင်မောင်ထွန်း၊ ဦးအောင်ဝင်း၊ ဦးဇော်ဆန်း၊ ဦးစိုင်းကျော်ထင်၊ ဦးညွန့်ဟန်၊ ဦးတူးလွှမ်း၊ ဦးမောင်မောင်တင့်၊ ဦးစိုင်းထွန်းနေဝင်း၊ ဦးမျိုးခန့်ကြူ၊ ဦးရဲလင်း၊ ဦးဝင်းမောင်၊ ဦးမောင်စိုး၊ ဦးဌေးအောင်နှင့် ဦးမိုးတင်တို့ လက်ရည်စစ်ပွဲအောင်ကြသည်။

လက်ရည်စစ်ပွဲ အောင်မြင်သူများအား မြန်မာစီနီယာပီဂျီအေ အဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုပြီး စီနီယာပီဂျီအေ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ ကျင်းပမည့် လက်ရည်စစ်ပြိုင်ပွဲကို ရာသီဥတုအခြေအနေကြောင့် ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပမည့်အစား ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်းနှင့် ပြိုင်ပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ (သတင်းစဉ်)

(၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

၂၀၁၁ခုနှစ် (၄၁)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးထံ ယမန်နှစ် ချန်ပီယံများဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး အသင်းတို့က တံခွန်စိုက်ဒိုင်းဆုများကို ပြန်လည်အပ်နှံကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ စခန်းသွင်းလေ့ကျင့်ပေးထားသော ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီးဘော်လီဘောအားကစားသမားများက သရုပ်ပြကစားကြသည်။ (သတင်းစဉ်)

မကွေးနှင့် နေပြည်တော် အမှတ်ခွဲယူ

သတင်းမှတ်စုနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်

ရန်ကုန် ဩဂုတ် ၁၅

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၄) နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ကျင်းပရာ မကွေးအသင်းနှင့် နေပြည်တော်အသင်းတို့ ဂိုးမရှိသရေကျသွားသည်။

မကွေး - - ဂိုးမရှိ
နေပြည်တော် - ဂိုးမရှိ

၁၇-၈-၂၀၁၁
MFF Max Cement Cup
ကွာတားဖိုင်နယ်
သုဝဏ္ဏကွင်း
ဧရာဝတီယူနိုက်တက်-ရန်ကုန်ယူနိုက်တက်

မကွေးအသင်းမှ အဘိုလာဂျီ၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို နေပြည်တော် နောက်ခံလူနှင့် ဂိုးသမား နေလှိုင်ထက်တို့ ကာကွယ်စဉ်။

ပြည်သူ့ထံမှ ပေးစာများ

လမ်းမြေပေါ် ကျူးကျော်ဝင်းခတ်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် အလင်းရောင်(၁) လမ်းသည် ယခင်က မြေသားလမ်းဖြစ်ပါသည်။ ယခုအခါ ကွန်ကရစ်လမ်းခင်းထားပြီး ရေရှည်ခိုင်ခံ့စေရန် လမ်းပခုံးသားနှင့် အုတ်ပေါင်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ နေအိမ်အချို့သည် လမ်းမြေပေါ် အထိ ကျူးကျော်ဝင်းခတ်ကာရံထားသောကြောင့် မီးသတ်ကားကဲ့သို့ အရေးပေါ်ကားများဝင်ထွက်ရာတွင် အခက်အခဲရှိပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဒေါပုံသား

သောက်သုံးရေကန်အနီးမှ ယမကာဆိုင် ရှင်းလင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် ကျန်စစ်သားလမ်းမကြီးဘေး သောက်သုံးရေကန်အနီးတွင် အသားကင်နှင့် အရက်များ ရောင်းချနေပါသဖြင့် ကလေးငယ်များ အတုခိုးမှားရုံသာမက သောက်သုံးရေကန်အနီး မစင်စွန့်ခြင်း၊ ညှော်နံ့များနံခြင်းကြောင့် ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ

သထုံမြို့ သိမ်ကုန်းရပ်ကွက် လမ်းသွယ် ပြုပြင်ပြီး

၃-၇-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်း ပြည်သူ့ထံမှပေးစာကဏ္ဍတွင် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရေကျော်ဘုန်းကြီးကျောင်း အရှေ့ဘက်ခြမ်းလမ်းသွယ် ပြုပြင်ပေးစေလိုခြင်းကိစ္စနှင့် ပတ်သက်၍ အဆိုပါလမ်းအား ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချီတက်သွားနေပြီ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကို တည်ဆောက်ပြီး ကောင်းမြတ်သော အစဉ်အလာကို တန်ဖိုးထားထိန်းသိမ်း

နေပြည်တော် ဩဂုတ် ၁၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးလယ်မယ်ယောဟန်(လီဆူ မျိုးနွယ်စုကိုယ်စား)၊ ဒု-ဥက္ကဋ္ဌ ဦးဒိန်ရအဖုန်(ရဝမ် မျိုးနွယ်စုကိုယ်စား)၊ အတွင်းရေးမှူး ဦးလဘောင်ဆောင်းနူး(လာချိဒ် မျိုးနွယ်စုကိုယ်စား)၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးဖော်ယမ်ဘောက်နော်(ဇိုင်ဝါး မျိုးနွယ်စုကိုယ်စား)၊ ဦးအင်ဂန်းဂျာနော်(ဂျိန်းဖော့ မျိုးနွယ်စုကိုယ်စား)နှင့် ဦးဘန်လီဟောင်းဒေါင်(လော်ဝေါ် မျိုးနွယ်စုကိုယ်စား)တို့ ခြောက်ဦး စုပေါင်းလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၈ ရက်တွင် တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးအတွက်တင်ပြခြင်း ခေါင်းစဉ်ဖြင့် တင်ပြစာတစ်စောင်အား ပေးပို့ခဲ့ကြောင်း သိရှိရသည်။ အဆိုပါတင်ပြစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားစွာဖြင့်-

နိုင်ငံတော်သမ္မတကြီးထံ ကျွန်တော်တို့ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီမှ တည်တံ့ခိုင်မြဲ၍ အနှစ်သာရရှိသော ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

၁။ ကျွန်တော်များ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်တံ့ခိုင်မြဲ၍ အနှစ်သာရရှိသော ငြိမ်းချမ်းရေးကို အထူးလိုလားတောင့်တကြပါသည်။

၂။ စစ်၏ဆိုးကျိုးကို မည်သည့်လူသားမှ မနှစ်သက်ကြပါ၊ စစ်ကြောင့် တိုင်းပြည်တိုးတက်မှု ဆုံးရှုံးနစ်နာသလို ပြည်သူလူထုများလည်း ဒုက္ခပင်လယ်ဝဲဝယက်တွင် ခါးသီးစွာ ခံစားကြရပါသည်။ ယခုလည်း ခံစားနေကြရပါသည်။ ထို့ကြောင့်လည်း ငြိမ်းချမ်းရေးကို လူသားများအားလုံး တောင့်တကြပါသည်။

၃။ ငြိမ်းချမ်းရေးကို လက်နက်ဖြင့် ဖြေရှင်းခြင်းထက် မြန်မာပြည်လွတ်လပ်ရေး ရယူခဲ့စဉ်က တိုင်းရင်းသားများ တန်းတူညီတူ ပူးပေါင်းလုပ်ဆောင်ခဲ့သည့်နည်းတူ ယခုလည်း နိုင်ငံတော်၏ ခေါင်းဆောင်ကြီးဖြစ်သော နိုင်ငံတော်သမ္မတကြီးမှ မိဘသဖွယ် သဘောထားကြီးစွာဖြင့် ဦးစီးဦးဆောင်သမှုပြု၍ တိုင်းရင်းသားလက်နက်ကိုင်များအားလုံးနှင့် တွေ့ဆုံဆွေးနွေးပြီး တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ပေးမည်ဟု မျှော်လင့်နေကြပါသည်။

၄။ ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ချီတက်သွားနေပြီဖြစ်၍ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုကိုတည်ဆောက်ပြီး ကောင်းမြတ်သော အစဉ်အလာကို တန်ဖိုးထားထိန်းသိမ်းလျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်သွားပေးရန် လိုလားကြပါသည်။

နိုင်ငံတော်သမ္မတကြီးမှ ယနေ့ မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပျက်နေသော စစ်၏ ဒုက္ခဆိုးထဲမှ လွတ်မြောက်၍ ငြိမ်းချမ်းသာယာပြီး ခေတ်မီတိုးတက်ဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ပေးသွားနိုင်မည်ဟု အားကိုးစွာဖြင့် နိုင်ငံတော်သမ္မတကြီးထံ စာရေးတင်ပြအပ်ပါသည်။

(သတင်းစဉ်)

ရေနံဓာတ်ငွေ့ရည် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး တစ်နိုင်ငံလုံး တိုးချဲ့ဖြန့်ဖြူးရေး အမြန်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် စင်ကာပူနိုင်ငံ NUR Investment Trading ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MYANMAR Corbonix စက်ရုံသည် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ၏ ဘွိုင်လာမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းဖြစ်သည့် Flue Gasကို ကုန်ကြမ်းအဖြစ်အသုံးပြုပြီး ကုန်ချောအဖြစ် အရည်အသွေးမြင့်မားသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ရေခဲခြောက်များ ပြန်လည်ထုတ်ယူ၍ ဈေးကွက်အတွင်း ဖြန့်ဖြူးလျက်ရှိသော စက်ရုံတစ်ခုဖြစ်သည်။

အဆိုပါစက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် စက်ရုံတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ ရေနံချက်စက်ရုံဝင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရိပ်သာရှင်းလင်းဆောင်၌ စက်ရုံ၏အုပ်ချုပ်မှုဒါရိုက်တာက ရင်းနှီးမြှုပ်နှံမှု၊ ကုန်ချောထုတ်လုပ်မှုနှင့် ဈေးကွက်အတွင်း ဖြန့်ဖြူးနိုင်မှု၊ အမြတ်ငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက လိုအပ်ချက်များကို ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် ကုန်ချောထုတ်လုပ်နိုင်သည့် စွမ်းရည်အပြည့်အဝရရှိရာ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ❖

ရော်ဂျာဖလားဆုကို ကိုင်မြှောက်ကာ အောင်ပွဲခံနေသည့် ဆားဗီးယားနိုင်ငံသား တင်းနစ်အကျော်အမော် ဂျိုကိုဗစ်။

ဆရီနာဝီလျံ ရော်ဂျာဖလားဆွတ်ခူး

ဒေတိုနာဘိချ် ဩဂုတ် ၁၅

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် တနင်္ဂနွေနေ့က တိုရွန်တိုမြို့၌ ကျင်းပခဲ့သော ရော်ဂျာဖလားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဩစတြေးလျ တင်းနစ်မယ် စမန်သာစတိုဆာကို ၆-၄၊ ၆-၂ ဖြင့် အနိုင်ယူကာ ရော်ဂျာဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ အောင်မြင်မှုက သူမအတွက် ဩဂုတ် ၂၉ ရက်တွင် ကျင်းပမည့် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် အောင်မြင်မှုရယူရန် တွန်းအားတစ်ရပ် ဖြစ်စေခဲ့သည်။

ဝီလျံသည် ယခုနှစ်အတွင်း ဒဏ်ရာပြဿနာများ၊ ဖျားနာမှုများနှင့် ရင်ဆိုင်ခဲ့ရ၍ ကမ္ဘာ့အဆင့် **စာမျက်နှာ ၃ ကော်လံ ၅ သို့** ❍

ရော်ဂျာဖလား ဆွတ်ခူးခဲ့သည့် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံ(ဝဲ)နှင့် ဒုတိယဆုရ ဩစတြေးလျတင်းနစ်မယ် စမန်သာစတိုဆာ (ယာ)။

ဖာဘရီဂက်စ် ဘာစီလိုနာသို့ ပြန်လည်ရောက်ရှိပြီ

ဘာစီလိုနာ ဩဂုတ် ၁၅

အင်္ဂလိပ်ပရီမီယာလိဂ်မှ အာဆင်နယ်အသင်းကို စွန့်ခွာ၍ မွေးရပ်မြေဘာစီလိုနာသို့ ပြန်လည်ခြေချနိုင်ရေးအတွက် ဆက်ခ်ဖာဘရီဂက်စ်**(အပေါ်ပုံ)**၏ ကာလရှည်အပြောင်းအရွှေ့လုပ်ငန်းစဉ် ဇာတ်လမ်းရှည်ကြီးမှာ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

အာဆင်နယ်၏ ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်သည် ဘာစီလိုနာနှင့် ငါးနှစ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုကာ ၎င်း (၁၆) နှစ်သားအရွယ် ၂၀၀၃ ခုနှစ်ကတည်းက ရောက်ရှိနေခဲ့သော လန်ဒန်မြေမှ အာဆင်နယ်အသင်းကို စွန့်ခွာသွားခဲ့ပြီဖြစ်သည်။ အာဆင်နယ်၏ အမ်းမရိတ်ကွင်းတွင် ခြောက်ရာသီလုံးလုံး ဆုဖလား **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❐

တင်းနစ်အကျော်အမော် ဂျိုကိုဗစ် ရော်ဂျာဖလားဆွတ်ခူး

လန်ဒန် ဩဂုတ် ၁၅

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အကျော်အမော် ဂျိုကိုဗစ်သည် မွန်ထရီယယ်မြို့၌ တနင်္ဂနွေနေ့က ကျင်းပခဲ့သော ရော်ဂျာဖလား တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်နိုင်ငံသား မာဒီဖစ်ရှ်ကို ၆-၂၊ ၃-၆၊ ၆-၄ ဖြင့် အနိုင်ယူကာ ရော်ဂျာဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ယခု အောင်မြင်မှုသည် ယခုနှစ်အတွင်း ဂျိုကိုဗစ်၏ ကိုးခုမြောက် ဆုဖလားလည်းဖြစ်သည်။ ဂျိုကိုဗစ်သည် ယခုနှစ်အတွင်း အိမ္ဒီးယမ်းဝဲလ်၊ မိုင်ယာမီ၊ မက်ဒရစ်နှင့် ရောမမြို့တို့တွင် ကျင်းပခဲ့သော ဩစတြေးလျ အိုးပင်းနှင့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှု ရယူနိုင်ခဲ့သည်။

ဂျိုကိုဗစ်က "ကျွန်တော် ဘယ်နှပွဲရှုံးမယ်လို့ မတွေးခဲ့ပါဘူး၊ ဘယ်နှပွဲနိုင်မယ်လို့ပဲ အမြဲတမ်းတွေးခဲ့တာပါ" ဟု ထုတ်ဖော်ပြောကြားသည်။

ထို့ပြင် ၎င်းက "နောက်လာမယ့်ပြိုင်ပွဲတွေကိုလည်း အနိုင်ရအောင် ကြိုးစားသွားမှာပါ" ဟု ဆိုသည်။

အင်တာနက်။